ယနေ့ သာယာမည်

နေပြည်တော်နှင့် မန္တလေး မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

ဣဓ မောဒတိ ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ၊ သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။

■ အတွဲ [၅၅] ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် [15-11-2015]

အမှတ် [၀၄၆]

MYANMA ALINN SUNDAY ISSUE

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုက္ကိုဝတံတားစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



## ဧရာဝတီတိုင်းမှ ပြည်သူများ ကုက္ကိုဝတံတားကိုဖြတ်၍ ရန်ကုန်-ပြည်လမ်းအတိုင်း ပြည်မြို့သို့အချိန်တိုအတွင်းသွားလာနိုင်မည်

ရန်ကုန် နိုဝင်ဘာ ၁၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ မဲဇလီ(၂)ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မဲဇလီ(၂) ရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်က ပန်းလှိုင်မြစ် ပြန်လည်တူးဖော်ပြီးနောက် သဲနုန်းများပြန်လည်ပို့ချမှုမဖြစ်စေရန် ရေထိန်းတံခါးများ ဆက်လက်တည်ဆောက်နေမှု၊ ပန်းလှိုင်မြစ်နှင့် ဆက်စပ်သောမြစ်ချောင်းများ၏ အခြေအနေ၊ တည်ဆောက်လျက်

စာမျက်နှာ ၆ ကော်လံ ၁ ✳

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုက္ကိုဝတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဓာတ်ပုံ - ဇော်မင်းလတ်)



MECTEL

CDMA 800 MHz 3G

ဘယ်အချိန် ၊ ဘယ်နေရာမဆို အကောင်းဆုံး ဝန်ဆောင်မှု ပေးတဲ့ MECTel ကိုသာသုံးလိုက်ပါ



၂၀၁၅ခုနှစ်တွင် MECTel ၏အထူးခြားဆုံး "BONUS"

MECTel မှ ၂၀၁၅ ခုနှစ် ဝါကျွတ်လက်ဆောင်အဖြစ် (၁၈-၉-၂၀၁၅)ရက်နေ့မှ စတင်၍ (၁၈-၁၁-၂၀၁၅)ရက်နေ့အထိ ငွေဖြည့်ကတ် ဖြည့်သွင်းပါက ၁၀,၀၀၀/- တန်အား ၇၀% ၊ ၅,၀၀၀/- တန်အား ၅၀% ၊ ၃,၀၀၀/- တန်အား ၃၀% အပိုထပ်ဆောင်းငွေ Bonus ရရှိမည်ဖြစ်ပြီး Bonus ငွေအား (၁-၁-၂၀၁၆)ရက်နေ့အထိ သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေမေတ္တာ အစီအစဉ် ရယူရန်အတွက် SMT ဟုရိုက်ပြီး 233 သို့ SMS အခမဲ့ ပေးပို့ပါ။



Anytime.., Anywhere...

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကမ္ဘာမှာ မြန်မာကနံပါတ်တစ်

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာကျင်းပ နိုင်ခဲ့ခြင်းအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက ချီးကျူးစကား ပြောဆိုခဲ့ကြပါသည်။ မြန်မာပြည်သူ ပြည်သားများ၏ ရိုးသား ဖြောင့်မတ်မှု၊ စည်းကမ်းကောင်းမှု၊ စည်းလုံး ညီညွတ်မှုတို့အပေါ် ကမ္ဘာ့အလယ်တွင် စံနမူနာပြအဖြစ် အံ့သြဖွယ် ချီးကျူးပြောဆိုခဲ့ ကြပါသည်။

ထိုအတောအတွင်းမှာပင် ကမ္ဘာ့ပရဟိတဖောင်ဒေးရှင်း အဖွဲ့ကြီးက ယခု ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် လက်ရှိ ကမ္ဘာ့နံပါတ်တစ်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုကို ကျော်လွန်ပြီး ပရဟိတကုသိုလ်အလုပ် လုပ်ကိုင်ရာတွင် မြန်မာနိုင်ငံက နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

မြန်မာလူမျိုးများသည် ရိုးသားကြိုးစားကြသူများဖြစ်ကြ ပြီး အလှူအတန်းတွင် စေတနာအကောင်းဆုံးနိုင်ငံဖြစ်သည် ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ မြန်မာလူမျိုးများသည် ပရဟိတအလုပ်တွင်လည်း အားတက်သရောလုပ်ကိုင်ကြသူ များဖြစ်ကြပါသည်။

ပြီးခဲ့သည့်မိုးရာသီကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မြန်မာလူမျိုးများသည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ၌ အားတက်သရော ပါဝင် ကူညီခဲ့ကြသလို တတ်စွမ်းသရွေ့ ပေးကမ်းလှူဒါန်းခဲ့ကြပါသည်။ လူကြီး၊ လူငယ်၊ လူလတ်အားလုံး ပရဟိတကုသိုလ်အလုပ် တွင် ပါဝင်လုပ်ဆောင်ပေးခဲ့ကြပါသည်။ လူတစ်ဦးချင်း အလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းများအလိုက် သော်လည်းကောင်း ရေဘေးကယ်ဆယ်ရေးပရဟိတကုသိုလ် အလုပ်တွင်ပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ယခုနှစ် သည် မြန်မာလူမျိုးတို့၏ ပရဟိတစိတ်ကြွယ်ဝမှုကို ပြသနိုင်ခဲ့ သော နှစ်လည်းဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏ ပရဟိတ စိတ်ဓာတ်သည် ငွေကြေးသာမက လုပ်အားဖြင့်လည်းစိတ်ရော ကိုယ်ပါထုတ်ဖော်ပြသနိုင်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ပရဟိတဖောင်ဒေးရှင်းအဖွဲ့ကြီးက မြန်မာနိုင်ငံကို ပရဟိတကုသိုလ်ပြုလုပ်ရာတွင် ကမ္ဘာ့နံပါတ်တစ်နေရာကို ပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာလူမျိုးများသည် အရေးကြီးကသွေးနီးဆိုသည့် အတိုင်း အရေးတစ်ခုကြုံလာလျှင် စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်တတ်သော လူမျိုးများဖြစ်ကြ ပါသည်။ မြန်မာလူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ကမ္ဘာက ချီးကျူးနေကြပြီဖြစ်ပါသည်။ ဆက်လက်၍လည်း ကျွန်ုပ်တို့ မြန်မာပြည်သူ တစ်ရပ်လုံးအနေဖြင့် စည်းကမ်းရှိမှု၊ ရိုးသား ကြိုးစားမှု၊ စည်းလုံးညီညွတ်မှုတို့ကို အခြေခံအားပြု၍ ကောင်းသော ကမ္ဘာ့နံပါတ်တစ်များ ထပ်ခါထပ်ခါရရှိနိုင်အောင် အားလုံးကဒီမိုကရေစီတည်းဟူသော အလံတော်အောက်တွင် ဝိုင်းဝန်းကြိုးစားကြရဦးမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အဏ္ဏဝါရေပြင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါး လုပ်ငန်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သတ္တဝါနှင့် သစ်ပင်ထိန်းသိမ်းရေး အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မြန်မာနိုင်ငံ တွင်တည်ရှိနေသည့် သဘာဝသယံဇာတအရင်းအမြစ်များတွင် ငါးလုပ်ငန်း သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထုတ်လုပ်သုံးစွဲမှုပြု လုပ်နိုင်ရေးအတွက် သင့်တော်မှုရှိသည့် မူဝါဒများ၊ အစီအမံများ ချမှတ်နိုင် ရေး ရည်ရွယ်ပြီး FFI ၏ အထောက်အပံ့ဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသခံများကိုယ်တိုင် ပါဝင်ဆောင်ရွက်သွားမည့် အစီအစဉ်ဖြစ်ကြောင်း၊ ရေသယံဇာတအရင်းအမြစ်များ ရေရှည် တည်တံ့မှုရှိအောင် စီမံဆောင် ရွက်ရာတွင် သဘာဝတွင်တည်ရှိနေသည့် ငါးသယံဇာတ ဖမ်းဆီးထုတ်လုပ် နေမှုပုံစံ၊ အရေးပါသော ဂေဟစနစ်များအား ထိန်းသိမ်းနေမှုပုံစံ၊ အဏ္ဏဝါ ဂေဟစနစ်များထိန်းသိမ်းကာကွယ်ခြင်းနှင့် ရရှိလာနိုင်သည့်အကျိုးကျေးဇူး များ၊ လူတို့၏ပယောဂကြောင့် ပျက်စီးလာနေသည့် အထူးသဖြင့် ငါး သယံဇာတ ရေရှည်တည်တံ့မှုအတွက်အရေးပါသည့် သန္တာကျောက်တန်း များ ပြန်လည်တည်ထောင်ပြုစုရေးတို့ကို ပြောကြားသည်။

ထို့နောက် FFI မှ Mr. Frank Monberg က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲဆိုင်ရာ အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာ့ပင်လယ်ပြင်တွင် အမှန်တကယ် လိုအပ်နေသောနေရာများတွင် အဏ္ဏဝါကာကွယ်ရေးနေရာများ သတ်မှတ်သွား ရန်၊ မြန်မာ့ပင်လယ်ပြင်တွင် အရေးပါသော ငါးမျိုးစိတ်များ၊ ငါးသားပေါက်ပွား ရာနေရာနှင့် စားကျက်နေရာများ ပိုမိုကောင်းမွန်လာရန် လိုအပ်သော အစီအမံများဆောင်ရွက်ရန်၊ အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးစေသော ဗုံးခွဲ ငါးဖမ်းဆီးခြင်း၊ သန္တာကျောက်တန်းများ ပျက်စီးစေမည့် ငါးဖမ်း နည်းများကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ မြန်မာ့ပင်လယ်ပြင်တွင် ဂေဟစနစ်အခြေပြုသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ် ကြောင်းဖြင့် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖျာပုံမြို့ ဆိပ်ကမ်းသာယာဈေး ဘိုးပိုင်မြေထိန်းနံရံပြိုကျ

**ထင်သာမြင်သာပြုပြင်စရာ**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် မြစ်ကမ်းပါး ဘေးတွင်တည်ရှိပြီး နှစ်စဉ်နှစ်တိုင်း ကမ်းပါးပြိုမှု ဖြစ်ပေါ်နေသဖြင့် နိုင်ငံတော် အစိုးရ၏ထောက်ပံ့ကူညီမှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၁၃ ခုနှစ်မှ စတင်၍ (RC) ဘိုးပိုင် မြေထိန်း နံရံတည်ဆောက်ပေးခဲ့၍ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဈေးရောင်း ဈေးဝယ် ပြုလုပ်နိုင်ခဲ့သည်။

ယခုအခါ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ စတင်၍ ၁၀ နာရီဈေး (ခေါ်) ဆိပ်ကမ်းသာယာဈေး (RC) ဘိုးပိုင်မြေထိန်းနံရံ ပေ ၁၂၀ ခန့်မှာ ပြိုကျပျက်စီးမှုဖြစ်ပေါ်နေပြီး (B) ရုံ ကျောခြင်းကပ် ဆိုင်ခန်း ၃၀ ခန့် ပြိုကျမှုအတွက် စိုးရိမ်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ဖျာပုံမြို့ မြစ်ကမ်းပါးပြိုကျမှုဖြစ်နေတာ အချိန်ကာလတော်တော် ကြာနေပါပြီ။ ဒါကြောင့် နိုင်ငံတော်အစိုးရရဲ့ ထောက်ပံ့ကူညီမှုနဲ့ ၁၀ နာရီဈေး (ခေါ်)ဆိပ်ကမ်းသာယာဈေး မြစ်ကမ်းပါးထိန်းသိမ်းရေးအတွက် (RC) ဘိုးပိုင် မြေထိန်းနံရံတည်ဆောက်ခဲ့တာ ၂၀၁၄ ခုနှစ် မေလလောက်က ပြီးသွားပါတယ်။ အခု နိုဝင်ဘာ ၁၁ ရက်က ပြိုကျပျက်စီးသွားပါတယ်။ ဒီနေရာလေးကို အမြန်ဆုံးပြုပြင်ပေးစေချင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ဖျာပုံမြို့၏ပြည်သူများ အဓိကလူမှုစီးပွားရေး အားထားရာနေရာ ယခု ဆိပ်ကမ်းသာယာဈေးသည် ပင်လယ်ပိုင်းဒေသ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရာနေရာဖြစ်ပြီး နေ့စဉ် နံနက် ၂ နာရီမှ ၁၀ နာရီအထိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများက သက်ဆိုင်ရာ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရာနေရာဖြစ်၍ ယခုပြိုကျပျက်စီးသွားသော မြေထိန်းနံရံကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ**

## အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလွှာများ ပေးအပ်

**မလှိုင် နိုဝင်ဘာ ၁၄**

အထွေထွေရွေးကောက်ပွဲကာလ၌ လုံခြုံရေးတာဝန်များ ပေးအပ်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်မှ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ နိုဝင်ဘာ ၁၃ ရက်က အာသောကရုပ်ရှင်ရုံတွင် အထွေထွေရွေးကောက်ပွဲ တာဝန်ထမ်းဆောင်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင် ၂၀၂ ဦးကို မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် အထူးရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းမှတ်တမ်းတင်ဂုဏ်ပြုလွှာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်မိုးကပေးအပ်ခဲ့ရာ တက်ရောက်လာသူ အထူးရဲတပ်ဖွဲ့ဝင် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၈၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၀၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၈၄ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၉၇ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ကျင်းပရာ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်တက်ရောက်၍ ရှင်းလင်းဖြေကြားသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် ဦးမြင့်နိုင်က ကြေညာပြီးသောဆန္ဒမဲရလဒ်များနှင့်ကြေညာရန်ကျန်ရှိသော ဆန္ဒမဲရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာ များမှမေးမြန်းသည့် မဲဆွယ်စည်းရုံးရေးကာလ အသုံးစရိတ်များအား စိစစ်မည့်အစီအမံ၊ အသုံးစရိတ်များအား သတ်မှတ်နည်းလမ်းအတိုင်း သုံးစွဲခြင်း ရှိ/မရှိကို လေ့လာစောင့်ကြည့်နိုင်မည့်အခြေအနေ၊ ၂၀၁၅ ရွေးကောက်ပွဲ၏ အားသာချက်၊ အားနည်းချက်များနှင့် နောင်ရွေးကောက်ပွဲများအတွက် ဆောင်ရန်ရှောင်ရန်အချက်များအား သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားမည့်အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးစီးမှုမှာ ၉၇ ရာခိုင်နှုန်းဖြစ်ပြီး ဆက်လက်ကြေညာရန်မှာ ၃ ရာခိုင်နှုန်းသာကျန်ရှိကြောင်း၊ ၎င်းတွင် ပြည်သူ့လွှတ်တော်အတွက် ၂ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်အတွက် ၃ ရာခိုင်နှုန်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ၃ ရာခိုင်နှုန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ် (တိုင်းရင်းသားလူမျိုး)ကိုယ်စားလှယ်အတွက် ၂၄ ရာခိုင်နှုန်း ကျန်ရှိကြောင်း၊ ထုတ်ပြန်ရန် ကျန်ရှိမှုများကို နိုဝင်ဘာ ၁၅ ရက်နေ့ ညနေ ၄ နာရီတွင် ကြေညာပြီးပါက မီဒီယာ စင်တာပိတ်သိမ်းမည်ဖြစ်သော်လည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။




**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင်ဖွင့်လှစ်ထားသော မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက်မှစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီတို့တွင် ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ၃၁၅ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၅၃ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ" ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၂ ဦး၊ ရခိုင်အမျိုးသားပါတီမှ ရှစ်ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ သုံးဦး၊ တအာင်း (ပလောင်) အမျိုးသားပါတီမှ သုံးဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှတစ်ဦး၊ တစ်သီးပုဂ္ဂလမှတစ်ဦးတို့ ရရှိကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၃ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၃၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ခုနစ်ဦး၊ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(PNO)ပါတီမှ တစ်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ နှစ်ဦးတို့ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၁၂ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ၄၆၉ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၇၁ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ "ဝ" ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၆ ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၄ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်(PNO) ပါတီမှ ခြောက်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ ခုနစ်ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ တစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)တစ်ဦး၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၅ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) တစ်ဦး၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

Joint Crediting Mechanism (JCM) စနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ရန်ကုန်မြို့တွင် တစ်နေ့လျှင် စွန့်ပစ်ပစ္စည်းတန်ချိန် ၁၆၀၀ ခန့်ထွက်ရှိသည်ဟုသိရပြီး ယင်းစွန့်ပစ်ပစ္စည်းများကို မြေဖို့ခြင်းနည်းအသုံးပြုကာ မြှုပ်နှံနေကြကြောင်း၊ ယင်းဓာတ်အားစက်ရုံသည် တစ်နေ့လျှင် စွန့်ပစ်ပစ္စည်း တန် ၆၀ ကိုလောင်ကျွမ်းစေနိုင်ပြီး လောင်ကျွမ်းစွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းဓာတ်အားစက်ရုံသည် စွန့်ပစ်ပစ္စည်းများကို ရှင်းထုတ်ပေးနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖြည့်စွမ်းပေးနိုင်မည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၄၀၀ တန်လျော့ကျစေနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီက ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုမှာ အရေးတကြီး လိုအပ်လာကြောင်း၊ JFE ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေဆိုးသန့်စင်စက်ရုံ၊ ရေစက် အဆောက်အအုံနှင့် တံတားများ တည်ဆောက်ရေးကဲ့သို့သော မြို့ပြဆိုင်ရာအင်ဂျင်နီယာနည်းပညာနှင့် ပစ္စည်းပစ္စယများကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခု တည်ဆောက်မည့် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့်ဓာတ်အားစက်ရုံမှာ ၂၀၁၇ ခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

# ပျဉ်းမနားမြို့နယ်၌ ပြည်သူလူထုကျန်းမာရေးအခြေပြု ကွင်းဆင်းဆောင်ရွက်



**ပျဉ်းမနား နိုဝင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပျဉ်းမနားမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူလူထုကျန်းမာရေးအခြေပြု ကွင်းဆင်းဆောင်ရွက်မှုကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈နာရီက ပျဉ်းမနားမြို့နယ် ဇီးကုန်းကျေးလက်ကျန်းမာရေးဌာန ဇောင်ချမ်းကုန်းကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး၊ ကာကွယ်ဆေးထိုးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်၏ ဦးဆောင်မှုဖြင့် ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာနေပြည်သူများကို ကျန်းမာရေးပညာပေးဟောပြောကာ ဒေသခံ ၈၀ အား ကျန်းမာရေးအခမဲ့ စစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆေးရုံတက်ရမည့် လူနာအား ညွှန်/ပို့လုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဖြူးမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်လှစ်

**ဖြူး နိုဝင်ဘာ ၁၄** ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အောက်ထပ်ရုံးခန်း၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ဖြူးမြို့နယ်ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ဖွင့်လှစ်ကျင်းပခဲ့သည်။

အဆိုပါ (OSS) ရုံးခန်းဖွင့်ပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ မြို့နယ်ပြည်သူ့ဝန်ဆောင်မှု ( One Stop Shops) ရုံး၌ ဝန်ဆောင်မှုပေးကြမည့်ဌာနစိတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမားရေးဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့ပါရှိပြီး ရုံးဖွင့်ရက်များတွင် ဌာနစိတ်အလိုက်တာဝန်ကျဝန်ထမ်းနှစ်ဦးထားရှိပြီး ဖြူးမြို့နယ်အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်များကို ဝန်ဆောင်မှုများ လျင်မြန်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**

# ပြင်သစ်မြို့တော် ပါရီတွင် ဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွား၊ လူ ၁၂၈ ဦးသေဆုံး

**ပါရီ နိုဝင်ဘာ ၁၄**

ပါရီတွင် အဆက်မပြတ် ပစ်ခတ်မှုများနှင့် ဗုံးပေါက်ကွဲမှုများကြောင့် လူပေါင်း ၁၂၈ ဦးသေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁၄ ရက်က ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုများမှာ နိုဝင်ဘာ ၁၃ ရက်တွင် ပြင်သစ်မြို့တော်တစ်ဝန်းလုံး ဂီတခန်းမပါမကျန် စားသောက်ဆိုင်အဆုံး အနည်းဆုံးနေရာ ခြောက်ခုတွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပါရီအစိုးရရှေ့နေများက တိုက်ခိုက်သူအုပ်စုမှ ရှစ်ဦး သေဆုံးသွားပြီဖြစ်ကြောင်း၊ ၄င်းတို့ထဲမှ ခုနစ်ဦးမှာ အသေခံဗုံးဖောက်ခွဲမှုတွင် သေဆုံးခဲ့ကြောင်း ပြောခဲ့သည်။

ရဲများက ယင်းအုပ်စုတစ်စုထဲမှ အခြားအဖွဲ့ဝင်များက တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်ဟုယူဆခဲ့ကြသည်။

ပါရီမြို့လယ် ဘာတာကလန် ဂီတခန်းမတွင် နိုဝင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညကိုးနာရီခန့်က ပစ်ခတ်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

ရော့ခ်တေးဂီတအဖွဲ့က တင်ဆက်ဖျော်ဖြေမှုပြုလုပ်စဉ် သေနတ်သမားများက ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး ကပွဲခန်းမရှိလူများကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့သည်။

ရဲတပ်ဖွဲ့များက ဂီတခန်းမကို ဝင်ရောက်စီးနင်းပြီး တိုက်ခိုက်သူအချို့ကို ပစ်သတ်ခဲ့ကြောင်း သိရသည်။

၁၀ မိနစ်၊ ၁၅ မိနစ်အတွင်း လူငယ် နှစ်ဦး၊ သုံးဦးက လူများကို ပစ်ခတ်သွားကြောင်း မျက်မြင်သက်သေများ၏ ပြောဆိုချက်ကို ကိုးကား၍ ဘီဘီစီသတင်းကဖော်ပြခဲ့သည်။

နောက်ထပ်တိုက်ခိုက်မှုများ ပါရီမြို့၏ စားသောက်ဆိုင်များနှင့် မြို့ပြင် အမျိုးသားဘောလုံးအားကစားရုံအနီး အနည်းဆုံး နေရာငါးခုတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပြင်သစ်နှင့် ဂျာမနီတို့ ကစားနေသော ဘောလုံးအားကစားရုံ၏ ဂိတ်ပေါက်အနီးတွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းအချိန်တွင် ပြင်သစ်သမ္မတဟော်လန်းလည်း အားကစားရုံထဲတွင်ရှိနေကြောင်း သိရသည်။

သံသယရှိသူများပိုမိုများပြားနိုင်မည်ဖြစ်ကြောင်း ပြင်သစ်ရဲများကပြောခဲ့သည်။ ထို့အပြင် ပြည်သူများကိုလည်း ၄င်းတို့၏အိမ်ထဲတွင်နေရန် တိုက်တွန်းထားသည်။

**(အင်န်အိတ်ချ်ကေ)**



ပြင်သစ်မြို့တော်တစ်ဝန်း နိုဝင်ဘာ ၁၃ ရက်က ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် ပြင်သစ်နှင့် ဂျာမနီတို့ ချစ်ကြည်ရေး ဘောလုံးပွဲကစားနေသော ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ဘောလုံးကွင်းထဲတွင် ပွဲကြည့်ပရိသတ်များ စုရုံးနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် မွေးဖွားမှုနှုန်းတိုးမြှင့်သွားရန် စီစဉ်

**တိုကျို နိုဝင်ဘာ ၁၄**

ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားရန်ရည်ရွယ်၍ ကလေးမွေးဖွားနှုန်းအပါအဝင် ကလေးပြုစုစောင့်ရှောက်မှုနှင့် ကုန်ကျစရိတ်အများအပြားကုန်ကျနေမှုအပေါ် လျှော့ချရေးအစီအစဉ်တစ်ရပ်ကို ယခုလမှ စတင်လုပ်ဆောင်သွားရန် စီစဉ်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏မွေးဖွားနှုန်းသည် အလွန်နိမ့်ကျလျက်ရှိရာ လွန်ခဲ့သောလေးနှစ်မှ စတင်ကာ ဂျပန်လူဦးရေမြင့်မားရေးဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ အစီအစဉ်နှင့်အတူ ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ လူဦးရေကျဆင်းမှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ လူဦးရေတိုးတက်မြင့်မားလာဖို့ ကလေးမွေးဖွားနှုန်းမြင့်မားရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဝန်ကြီးအဖွဲ့အစည်းအဝေး၌ ပြောသည်။ လူဦးရေကျဆင်းမှုပြဿနာသည် စီးပွားရေးမြှင့်တင်ရာတွင်လည်း အခက်အခဲများရှိကြောင်းဖြင့်လည်း ၄င်းကသတိပေးပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ၏လူဦးရေသည် လက်ရှိ ၁၂၇ သန်းရှိပြီး သန်း ၁၀၀ အောက် ကျဆင်းသွားခြင်းမရှိအောင် မွေးဖွားနှုန်းမြှင့်တင်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ **(ရိုက်တာ)**



# တရုတ်နိုင်ငံအလယ်ပိုင်း ဆောင်းရာသီ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၈၀၀၀ ကျော်ပြောင်းရွှေ့ပေးရ

**ချန်ရှာ နိုဝင်ဘာ ၁၄**

ဆယ်စုနှစ်များအတွင်း ဆောင်းရာသီ၏အဆိုးရွားဆုံး မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပေါ်သောကြောင့် ယန်စီမြစ်၏မြစ်လက်တက် ရေလျှံမှုဖြစ်ပွားသဖြင့် တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် အိမ်ခြေပေါင်း ၈၀၀၀ ကျော် ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက နိုဝင်ဘာ ၁၄ ရက်က ပြောခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်ကတည်းက မိုးများအဆက်မပြတ်ရွာသွန်းသောကြောင့် တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်လက်တက်တစ်ခုဖြစ်သော ရှန်ကျင်းမြစ်၏ အထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းမြစ်၏ ၈၄၄ ကီလိုမီတာရှည်သော ဒေသများတစ်လျှောက် တက်လာသော မြစ်ရေများက စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့ကြောင်း ဟူနန်ပြည်နယ်ရေကြီးမှုကြိုတင်ကာကွယ်ရေး အာဏာပိုင်များက ပြောခဲ့သည်။ မြစ်ရေလျှံမှုများကြောင့် တောင်းကျန်း၊ ရှွန်းပိုင်၊ ကျင်းဟွာ အပါအဝင် မြို့အတော်များများ ရေလွှမ်းမိုးမှုများ ဖြစ်ပွားကာ ကောက်ပဲသီးနှံများနှင့် ကျေးလက်နေအိမ်များ အများအပြား ပျက်စီးခဲ့ကြောင်း သိရသည်။

လူပေါင်း ၈၇၀၀၀ ကျော် ရေဘေးကြောင့် အိုးအိမ်နှင့် ကောက်ပဲသီးနှံပျက်စီးမှုများ အပါအဝင် အခြားပျက်စီးမှုများနှင့် ရင်ဆိုင်နေရပြီး လမ်းများပိတ်ဆို့ခြင်း ဆက်သွယ်ရေးခက်ခဲခြင်းများ ကြုံတွေ့နေရသည်။ အိမ်များပျက်စီးသွားသော လူဦးရေ စုစုပေါင်း ၈၂၈၂ ဦး၏မိသားစုများအတွက် ပြန်လည်နေရာချထားခြင်းများဆောင်ရွက်နေသည်။ **(ဆင်ဟွာ)**



ရေကြီးမှုကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်း လီရှုံးဒေသတွင် လူလေးဦးသေဆုံးပြီး ၃၃ ဦး ပျောက်ဆုံးသွားသော မြေပြိုမှုတစ်ခုကို တွေ့ရစဉ်။

# အိန္ဒိယနှင့် ဗြိတိန် ပေါင်ကိုးဘီလီယံကျော်ဖိုး စီးပွားရေးဆိုင်ရာ စာချုပ်များချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၁၄**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီလာရောက်မှုအပေါ် ဆန့်ကျင်ကန့်ကွက်မှုများရှိခဲ့သော်လည်း ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့သည် ပေါင် ကိုးဘီလီယံကျော်ဖိုးရှိ စီးပွားရေးဆိုင်ရာစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြသည်။

အိန္ဒိယတွင် စီးပွားရေးအခွင့်အလမ်းများ တိုးပွားအောင် ကြိုးပမ်းနေသောဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက မိုဒီအား နွေးထွေးစွာကြိုဆိုခဲ့သည်။

မိုဒီအနေဖြင့် လူဦးရေထူထပ်သည့် ဘီဟာပြည်နယ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၄င်း၏ဟိန္ဒူပါတီသည် ကမ္ဘာ့စင်မြင့်တွင် နာမည်ပြန်လည်ရရှိရန် ကြိုးပမ်းသည့်အနေဖြင့် ဗြိတိန်နိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးချုပ်မိုဒီက ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လန်ဒန်မြို့ ဂူလ်ဟောခန်းမကြီး၌ ပြုလုပ်သော အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း ၄င်းအနေဖြင့် အိန္ဒိယနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ကူညီမှုများပေး ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဗြိတိန်အစိုးရအနေဖြင့် ပေါင် ၁ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ ဗိုဒါဖုန်းရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးရာဆိုင်ရာ စာချုပ်ပေါင်း ၂၀ ကျော် စာချုပ်သွားမည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈၆ / ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအင်ထုံးခါးနော်ဆမ် | ၁/မကန(နိုင်) ၀၇၃၃၇၄ | မြစ်ကြီးနား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဦးစိန်အောင် | ၄/ပလဝ(နိုင်) ၀၀၀၄၁၈ | ပလက်ဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးပါထန်း | ၄/မတပ(နိုင်) ၀၀၀၃၃၅ | မတူပီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၄) | ဦးခင်မောင်သိန်း | ၅/စကန(နိုင်) ၀၇၃၇၇၂ | စစ်ကိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာအေဇင်လတ် | ၅/ကဘလ(နိုင်) ၁၁၁၂၄၄ | ရွှေဘို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမင်းနောင် | ၅/ပလဘ(နိုင်) ၀၀၁၇၇၃ | ပင်လည်ဘူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးသန်းထွန်းမြင့် | ၅/ကလဝ(နိုင်) ၀၀၀၈၃၁ | ကလေးဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးအောင်ကျော်ဟိန်း | ၆/တသရ(နိုင်) ၀၂၃၀၀၅ | တနင်္သာရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဒေါ်တင်တင်ရီ | ၆/မအရ(နိုင်) ၀၇၉၅၂၃ | ကျွန်းစု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးနေလင်းထွန်း | ၆/ဘပန(နိုင်) ၀၀၂၅၂၇ | ဘုတ်ပြင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးအောင်နိုင်(ခ)နိုင်ငံကျော် | ၉/မကန(နိုင်) ၀၀၂၉၈၂ | မိုးကုတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဒေါက်တာအောင်နိုင် | ၉/မတရ(နိုင်) ၀၁၄၁၅၀ | သပိတ်ကျင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၁၃) | ဦးအောင်ကျော်ဇံ | ၇/သကန(နိုင်) ၀၆၁၈၃၃ | ပေါက်တော | ရခိုင်အမျိုးသားပါတီ |
| (၁၄) | ဦးမြင့်ဝေ | ၁၁/ဂမန(နိုင်) ၀၁၄၁၅၄ | ဂွ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးတင်နု(ခ)တင်နုအောင် | ၅/ဝသန(နိုင်) ၀၀၅၄၉၃ | မာန်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးသိန်းဆွေ | ၁၂/ဒဂန(နိုင်) ၀၁၀၄၃၇ | အမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နီနီမေမြင့် | ၁၁/တကန(နိုင်) ၀၈၁၁၉၄ | တောင်ကုတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈၇/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဇခုန်တိန့်ယိန်း | ၁/မကန(နိုင်) ၀၅၃၁၁၇ | အမှတ်(၅) | တစ်သီးပုဂ္ဂလ |
| (၂) | ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် | ၉/မရမ(နိုင်) ၀၆၇၇၄၅ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဦးဝှေ့တင်း | ၄/ ပလဝ(နိုင်) ၀၂၇၇၉၁ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် | ၄/ ပလဝ(နိုင်) ၀၂၈၀၇၈ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးလားလ်မင်းထန် | ၄/ မတပ(နိုင်) ၀၂၈၂၂၆ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၆) | ဦးကိုကိုနိုင် | ၅/ ကလဝ(နိုင်) ၀၂၅၁၃၉ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးမောင်မောင်လတ် | ၅/ တမန(နိုင်) ၀၀၆၇၀၀ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးခင်မျိုးဝင်း | ၆/ ဘပန(နိုင်) ၀၀၂၅၈၂ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၉) | ဒေါက်တာပြည့်ဖြိုး | ၁၄/ အမန(နိုင်) ၀၉၂၃၀၀ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈၈/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးတင်ဦးယု | ၁/ရကန(နိုင်) ၀၂၀၂၇၅ | ရွှေကူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးမြသိန်း | ၁/ရကန(နိုင်) ၀၀၃၅၁၄ | ရွှေကူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးတင်အေး | ၁/မညန(နိုင်) ၀၆၈၂၅၇ | မိုးညှင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်ကျော်ဝင်း | ၉/ပမန(နိုင်) ၀၉၇၆၉၅ | မိုးညှင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါက်တာခက်အောင် | ၁/မကန(နိုင်) ၀၃၂၀၉၁ | မြစ်ကြီးနား(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးနေဝင်း | ၁/မကန(နိုင်) ၀၁၈၄၉၈ | မြစ်ကြီးနား(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၇) | ဒေါ်နန်းခင်ထွေးမြင့် | ၃/ဘအန(နိုင်) ၀၂၅၆၁၅ | ဘားအံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးသန်းနိုင် | ၃/ဘအန(နိုင်) ၀၂၇၃၈၂ | ဘားအံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးတေဇထွဋ်လှိုင်ထွေး | ၃/ဘအန(နိုင်) ၁၆၄၁၄၀ | ဗမာတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးမင်းတင်ဝင်း | ၃/ဘအန(နိုင်) ၀၀၆၈၃၉ | မွန်တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးခွန်မျိုးတင့် | ၃/ဘအန(နိုင်) ၀၀၉၀၆၂ | ပအိုဝ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၁၂) | ဦးကံတင့် | ၄/ပလဝ(နိုင်) ၀၀၀၆၁၉ | ပလက်ဝ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးပြေမင်း | ၄/ပလဝ(နိုင်) ၀၂၅၀၀၆ | ပလက်ဝ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဟွန်းခဲန် | ၄/မတပ(နိုင်) ၀၂၆၅၇၄ | မတူပီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးဝီကော | ၄/မတန(နိုင်) ၀၁၆၃၀၆ | မတူပီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁၆) | ဦးကျော်လင်း | ၅/ကလန(နိုင်) ၀၂၄၁၁၁ | ကျွန်းလှ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးလှဖြိုး | ၅/ကလန(နိုင်) ၀၀၁၀၀၉ | ကျွန်းလှ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဒေါ်ဖြူဖြူဝင်း | ၅/ကလတ(နိုင်) ၀၀၄၇၂၃ | ကောလင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးတင်စိုး | ၅/ဝသန(နိုင်) ၀၁၅၇၉၂ | ကောလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးဗိုလ်သိန်း | ၅/မလန(နိုင်) ၀၁၉၇၆၁ | မော်လိုက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးလှိုင်မြင့် | ၅/ကလထ(နိုင်) ၀၂၈၀၄၇ | မော်လိုက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးကာစီရန်း | ၅/လရန(နိုင်) ၀၀၂၆၉၁ | လေရှီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးရီထင် | ၅/ဟမလ(နိုင်) ၀၅၂၉၉၁ | လေရှီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးမိုးကျော်သူ | ၅/ရဘန(နိုင်) ၀၄၈၀၄၉ | ရွှေဘို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဒေါက်တာမြင့်နိုင် | ၅/ကဘလ(နိုင်) ၀၀၅၃၃၈ | ရွှေဘို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးဝင်းရွှေ | ၅/ဗမန(နိုင်) ၀၃၁၅၃၉ | ဗန်းမောက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးညီညီဟန် | ၅/ဗမန(နိုင်) ၀၂၀၄၄၃ | ဗန်းမောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါ်သန့်ဝေကျော် | ၅/ကလတ(နိုင်) ၁၅၇၅၆၈ | ကလေး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးကမ်ဇာမုံ | ၁၃/လရန(နိုင်) ၀၂၁၆၂၀ | ကလေး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဦးအောင်သန်းကျော် | ၅/ကလဝ(နိုင်) ၀၀၀၇၁၉ | ကလေးဝ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးမောင်ဝေ | ၅/ကလဝ(နိုင်) ၀၁၀၀၅၈ | ကလေးဝ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစိုးဦး | ၁၂/မဂဒ(နိုင်) ၀၆၁၅၈၆ | စစ်ကိုင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | ဒေါ်စုမြတ်ထက် | ၉/မနတ(နိုင်) ၀၉၉၁၆၄ | စစ်ကိုင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) | ဒေါ်ခင်မျိုးချစ် | ၅/ကဘလ(နိုင်) ၁၀၁၇၄၄ | ကန့်ဘလူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဒေါက်တာကျော်သူဟန်ထွန်း | ၅/ကဘလ(နိုင်) ၁၁၂၆၅၆ | ကန့်ဘလူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးမြင့်မော် | ၅/ထခန(နိုင်) ၀၄၅၅၂၇ | ထီးချိုင့်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးသိန်းဟန် | ၅/ထခန(နိုင်) ၀၇၂၉၈၀ | ထီးချိုင့်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးသန်းညွန့် | ၅/ဟမလ(နိုင်) ၀၄၇၆၇၂ | ဟုမ္မလင်း(၁) | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) |
| (၃၉) | ဦးကျော်ဌေးလွင် | ၅/ဟမလ(နိုင်) ၀၁၁၉၄၃ | ဟုမ္မလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၄၀) | ဦးတိုးလွင် | ၆/မအရ(နိုင်) ၀၄၃၇၄၈ | ကျွန်းစု(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၁) | ဒေါက်တာထူးနေအောင် | ၆/မမန(နိုင်) ၁၁၆၆၈၃ | ကျွန်းစု(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၂) | ဦးနေထွန်း | ၆/ကသန(နိုင်) ၀၁၂၂၀၆ | ကော့သောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၃) | ဦးမြင့်မောင် | ၁၂/ဗဟန(နိုင်) ၀၇၆၇၄၁ | ကော့သောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးအောင်သူရ | ၆/တသရ(နိုင်) ၀၁၉၀၈၁ | တနင်္သာရီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးရဲမြင့်ဆွေ | ၆/မမန(နိုင်) ၁၂၅၀၈၉ | တနင်္သာရီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) | ဦးလှထွေး | ၆/ရဖန(နိုင်) ၀၂၅၃၀၄ | ရေဖြူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးကြည်စိုး | ၆/ရဖန(နိုင်) ၀၀၀၄၆၂ | ရေဖြူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၈) | ဦးစောလုကာ | ၆/ထဝန(နိုင်) ၀၁၃၁၃၉ | ကရင် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၄၉) | ဒေါ်ညွန့်ညွန့်ဌေး | ၇/အဖန(နိုင်) ၀၁၄၆၇၅ | အုတ်ဖို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးစောသူရအောင် | ၇/အဖန(နိုင်) ၀၀၀၈၆၉ | အုတ်ဖို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးအေးဝင်း | ၇/မညန(နိုင်) ၀၅၀၃၇၆ | မိုးညို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

*စာမျက်နှာ ၁၁ သို့*





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲဇလီရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**✳ ရှေ့ဖုံးမှ**

ရှိသည့် မဲဇလီ(၂) ရေထိန်းတံခါးစီမံကိန်းဆိုင်ရာများ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ၊ မြေကြီးတူးဖော်ခြင်း၊ အုတ်မြစ်လုပ်ငန်းနှင့် သံမဏိသံပြားတိုင်ရိုက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ပန်းလှိုင်မြစ်ပြန်လည်တူးဖော်နိုင်ခဲ့မှုကြောင့် လယ်ယာနှင့်သားငါးကဏ္ဍများတွင် တိုးတက်လာမှုအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေပေးဝေနိုင်မည့် အစီအမံတို့ကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဧရာဝတီမြစ်မှ စီးဝင်ရေကြောင့် သဲနုန်းပို့ချမှုကိုကာကွယ်ရန်၊ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်နှင့် နွေစပါးစိုက်ပျိုးရေဖြန့်ဝေပေးနိုင်ရေး၊ ရေချိုသိုလှောင်နိုင်ရန်အတွက် မဲဇလီ(၂) ရေထိန်းတံခါးအပါအဝင် ရေထိန်းတံခါးများ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယခု တည်ဆောက်လျက်ရှိသည့် မဲဇလီ(၂) ရေထိန်းတံခါးသည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် မဲဇလီရွာမကျေးရွာအနီး ပန်းလှိုင်မြစ်ဝမှ ပေ ၁၀၀၀ ခန့်အကွာတွင်တည်ရှိပြီး အရွယ်အစားမှာ Flap Gate ၆ ပေ× ၈ ပေ(၁၄) ပေါက်နှင့် Radial Gate ၁၅ ပေ ခြောက်လက်မ × ၁၀ပေ ခြောက်လက်မ ခုနစ်ပေါက်ဖြစ်ပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ရေခေါ်မြောင်းအလျားမှာ ပေ ၆၀၀နှင့် ရေထုတ်မြောင်းအလျားမှာ ပေ ၁၀၀၀ ရှိသည်။

မဲဇလီရေထိန်းတံခါး၏ အကျိုးပြုဧရိယာမှာ ဧက ၄၀၀၀၀ ဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီဖြစ်သည်။

အဆိုပါ မဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ပြန်လည်တူးဖော်ပြီးစီးသည့် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုမှ ကာကွယ်ရန်၊ မိုးရာသီတွင် ညောင်တုန်းကျွန်း၊ အရွဲကွင်း၊ တက်သစ်ကျွန်းတို့မှ ပိုလျှံရေများကို ထုတ်နုတ်ပေးမှုဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် နွေရာသီတွင် ပန်းလှိုင်မြစ်အတွင်း ရေချိုများ သိုလှောင်ထိန်းသိမ်းပြီး နွေစပါးများစိုက်ပျိုးရေပေးဝေနိုင်ရန်ဖြစ်၍ စီမံကိန်းပြီးစီးပါက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

***စာမျက်နှာ ၇ ကော်လံ ၁ သို့***



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပန်းလှိုင် ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)




‖ မဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရသည့်ရည်ရွယ်ချက်မှာ ပြန်လည်တူးဖော်ပြီးစီးသည့် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းဝင်ရောက်မှုမှကာကွယ်ရန်၊ မိုးရာသီတွင် ညောင်တုန်းကျွန်း၊ အရွဲကွင်း၊ တက်သစ်ကျွန်းတို့မှ ပိုလျှံရေများကို ထုတ်နုတ်ပေးမှုဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ရန်နှင့် နွေရာသီတွင် ပန်းလှိုင်မြစ်အတွင်း ရေချိုများ သိုလှောင်ထိန်းသိမ်းပြီး နွေစပါးများ စိုက်ပျိုးရေပေးဝေနိုင်ရန်ဖြစ် ‖

စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ မဲဇလီ(၂) ရေထိန်းတံခါးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပန်းလှိုင်မြစ်ဝရှုရပ်မှတစ်ဆင့် ပန်းလှိုင်မြစ်ကြောင်း ရေဝင်စီးဆင်းမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပန်းလှိုင်ရေထိန်းတံခါးသို့ ရောက်ရှိပြီး ညောင်တုန်းမြို့နယ် မိုးမခကျေးရွာအတွက် နွေစပါးစိုက်ပျိုးရေရရှိနိုင်ရန်နှင့် မြစ်ရေပြန်ကျချိန်တွင် ကွင်းရေပြန်ထုတ်ရန်ရည်ရွယ်၍ ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည့် ပန်းလှိုင်ရေထိန်းတံခါး တည်ဆောက်ထားရှိမှုနှင့် အကျိုးပြုဧရိယာ ၂၅၄၀၆ ဧကအတွက် ရေချိုထိန်းသိမ်းသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထန်းတပင်-လမုတန်း-လှည်းဆိပ် လမ်းပေါ်ရှိ ကုက္ကိုဝတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး စီမံကိန်းရှုရပ်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်စပ်ဒေသများ လွှမ်းခြုံတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကုက္ကိုဝတံတားသည် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ လှိုင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားပြီး ပင်မတံတားအရှည်မှာ ၂၂၇၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၅ ပေ နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ် ၃၂၈ ပေ နှင့် အမြင့် ၃၉ ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်၊ အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် Steel Plate Girder, Steel Truss နှင့် သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ ကုက္ကိုဝတံတားစီမံကိန်းကို ၂၀၁၄ခုနှစ် ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါတံတားပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်ကြမည့် ခရီးသွားပြည်သူများသည် ရန်ကုန်မြို့ကိုရှောင်ကွင်းပြီး ပုသိမ်-ရန်ကုန်လမ်းမှ ရန်ကုန်-ထန်းတပင်လမ်း၊ ယင်းမှ ကုက္ကိုဝတံတားကိုဖြတ်ကာ ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း လမ်းတစ်လျှောက် မြို့များနှင့် ပြည်မြို့သို့ အချိန်တိုအတွင်း လျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့ပြင် ကုက္ကိုဝတံတားကို ဖြတ်သန်းကာ လှည်းဆိပ်-လမုတန်း-ထန်းတပင်လမ်းမှသည် ဥတို-တောလတီ-အဖျောက်လမ်းမှ တိုက်ကြီးမြို့သို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ရာ ထိုမှတစ်ဆင့် လမ်းတစ်လျှောက် မြို့များနှင့် ပြည်မြို့သို့ ဆက်လက်သွားလာနိုင်မည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ချောမွေ့လာမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပန်းလှိုင်မြစ်ဝကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# သံတမန်ရေးရာ သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာနကဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း အမှတ်စဉ် (၄/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ အငြိမ်းစားသံအမတ်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာ ဆရာမကြီးများ၊ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယခုသင်တန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အသစ်ခန့်အပ်လိုက်သော အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်စေရန်နှင့် ဗဟုသုတကြွယ်ဝစေရန် အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ ဆက်ဆံရေး ကျွမ်းကျင်မှုဘာသာရပ်၊ သံခင်းတမန်ခင်းဆိုင်ရာဘာသာရပ်များ၊ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအပြင် အင်္ဂလိပ်စာ ကျွမ်းကျင်မှုနှင့် ရုံးလုပ်ငန်းသုံး ကွန်ပျူတာဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ **(သတင်းစဉ်)**

# ကျုံးရေပြင်ပုံရိပ်ကို ပေါ်လွင်ထင်ဟပ်စေမည့် မန္တလေးကျုံးအလှရေပန်းတပ်ဆင်မည်

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့တော်၏ဂုဏ်ပုဒ်ကို ဖော်ထုတ်ပေးနေသည့် နန်းမြို့ရိုးအလှနှင့်အပြိုင် ကျုံးအလှပုံရိပ်များကို ပေါ်လွင်ထင်ဟပ်စေရန်အတွက် ကျုံးအတွင်း ၂၆လမ်း၊ ၇၁ လမ်း နှင့် ၇၂ လမ်းကြားရှိ ကျုံးရေပြင်၌ ကျုံးအလှရေပန်း တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးမြို့တော်ကြီးကို အစိမ်းရောင်မြို့တော် (Green City) အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့တော်အတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်း၊ ပျိုးခြံများတည်ဆောက်ခြင်း၊ ပြည်သူလူထုအတွက် အခမဲ့အပန်းဖြေဥယျာဉ်ပန်းခြံများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ကျုံးပတ်လည်နှင့်မြို့တော်အတွင်း ကျန်းမာရေးအထောက်အကူပြုအားကစားပစ္စည်းများ တပ်ဆင်ပေးခြင်းဖြင့် ဥယျာဉ်မြို့တော်ဖြစ်စေရေးအတွက် အဆင့်ဆင့် စီမံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါတွင် မြို့တော်နေ ပြည်သူများအပန်းဖြေလေ့လာကြည့်ရှုနိုင်ရန်အတွက် ကျုံးအတွင်း ရေပန်းအလှတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျုံးအလှ ရေပန်းတပ်ဆင်ပေးရတဲ့ရည်ရွယ်ချက်ကတော့ မြို့တော်နေပြည်သူလူထု စိတ်ကြည်နူးမှုရရှိနိုင်မယ့်အပြင် မန္တလေးမြို့ကို လာရောက်လည်ပတ်ကြမယ့် နိုင်ငံခြားသားတွေအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျုံးရေကို အသုံးပြုနေကြတဲ့ မြို့တော်နေပြည်သူလူထုအတွက် ကျုံးရေသန့်စင်မှုကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။


အဆိုပါကျုံးအတွင်း တပ်ဆင်မည့် ကျုံးအလှရေပန်းသည် အလျား ၁၈၃ ပေ၊ ရေအမြင့်ပေ ၁၀၀ ရှိပြီး နေပြည်တော်ရေပန်းဥယျာဉ်အတွင်း တပ်ဆင်ထားသည့်စနစ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျုံးအလှရေပန်းပြသခြင်းကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ထားသည့် ရေပန်းပုံစံ ခုနစ်မျိုးဖြင့် အလှည့်ကျ ပြောင်းလဲပြသပေးသွားမည်ဖြစ်သည်။ ထို့အပြင် ကျုံးအလှရေပန်းသည် နေ့ဘက်တွင် ရေပန်းများ အရောင်မပါဝင်သော်လည်း ညဘက်တွင်မူ သီချင်းတီးလုံးများနှင့်အတူ ရေပန်းများမှာ အရောင်စုံပါဝင်သည့် ရေပန်းများအဖြစ် ပြောင်းလဲကပြသွားမည်ဖြစ်သည်။

ကျုံးအလှရေပန်းတွင် တပ်ဆင်ပေးမည့် ရေပန်းပုံစံ ခုနစ်မျိုးစနစ်များမှာ Central Straight Spray၊ Round Swing Spray၊ Running Straight Spray၊ Seagull Swing Spray ၊ Rainbow Shape Spray၊ Peacock's Tail Shape Spray၊ Rotary Spray တို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးကျုံး၌တပ်ဆင်မည့် အလှရေပန်းပုံစံငယ်ကို တွေ့ရစဉ်။


# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| NLD | - | ၂၅၃ ဦး | = | ၅၇.၅၀ % | KSDP | - | ၁ ဦး | = | ၀.၂၃ % | KDUP | - | ၁ ဦး | = | ၀.၂၃ % |
| USDP | - | ၂၉ ဦး | = | ၆.၅၉ % | SNLD | - | ၁၂ ဦး | = | ၂.၇၃ % | ZCD | - | ၂ ဦး | = | ၀.၄၅ % |
| WDP | - | ၁ ဦး | = | ၀.၂၃ % | ANP | - | ၈ ဦး | = | ၁.၈၂ % | PNO | - | ၃ ဦး | = | ၀.၆၈ % |
| | | | | | | | | | | TNP | - | ၃ ဦး | = | ၀.၆၈ % |
| | | | | | | | | | | IC | - | ၁ ဦး | = | ၀.၂၃ % |
| | | | | | | | | | | L.N.P.P | - | ၁ ဦး | = | ၀.၂၃ % |
| | | | | | | | | | | DSPC | - | ၁၁၀ ဦး | = | ၂၅ % |
| | | | | | | | | | | CUP | - | ၈ ဦး | = | ၁.၈၁ % |
| | | | | | | | | | | TNH | - | ၇ ဦး | = | ၁.၅၉ % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| NLD | - | ၁၃၄ ဦး | = | ၅၉.၈၂ % | IC | - | ၂ ဦး | = | ၀.၉၀ % | PNO | - | ၁ ဦး | = | ၀.၄၅ % |
| USDP | - | ၁၂ ဦး | = | ၅.၃၆ % | ZCD | - | ၂ ဦး | = | ၀.၉၀ % | SNLD | - | ၃ ဦး | = | ၁.၃၃ % |
| | | | | | | | | | | MNP | - | ၁ ဦး | = | ၀.၄၅ % |
| | | | | | | | | | | ANP | - | ၇ ဦး | = | ၃.၁၂ % |
| | | | | | | | | | | TNP | - | ၁ ဦး | = | ၀.၄၅ % |
| | | | | | | | | | | DSPC | - | ၅၆ ဦး | = | ၂၅ % |
| | | | | | | | | | | CUP | - | ၅ ဦး | = | ၂.၂၂ % |

ရှင်းလင်းချက် ။ ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး


**ရှင်းလင်းချက်**

ANP = ရခိုင်အမျိုးသားပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
CUP = Counting Under Process (ရေတွက်ဆဲ)
TNH = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်)


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၉၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များမဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၆၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၉၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| NLD | = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | WDP | = "ဝ" ဒီမိုကရက်တစ်ပါတီ | L.N.P.P | = လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | TNH | = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်) |
| USDP | = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | KDUP | = ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | DP | = ဒီမိုကရက်တစ်ပါတီ (မြန်မာ) | LHNDP | = လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| SNLD | = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | PNO | = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | T.N.D.P | = တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | CUP | = Counting Under Process (ရေတွက်ဆဲ) |
| | | ANDP | = အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | TNP | = တအာင်း(ပလောင်)အမျိုးသားပါတီ | IC | = Independent Candidate (တစ်သီးပုဂ္ဂလ) |
| | | WNUP | = "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | | | | |


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၄၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၁၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၂၀ မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ရှင်းလင်းချက်

- KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
- KPP = ကရင်ပြည်သူ့ပါတီ
- MNP = မွန်အမျိုးသားပါတီ
- ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- UDPKS = စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
- USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
- SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- AMRDP = မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ
- ANP = ရခိုင်အမျိုးသားပါတီ
- L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)
- IC = Independent Candidate(တစ်သီးပုဂ္ဂလ)
- CUP = Counting Under Process(ရေတွက်ဆဲ)

## နိုဝင်ဘာ ၉ ရက်မှ ၁၄ ရက်နေ့ ညနေ ၄ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| ပါတီ တံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ ပြည်နယ်(တိုင်းရင်းသား လူမျိုး)လွှတ်တော် |
|---|---|---|---|---|---|
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၃ ဦး | ၁၃၄ ဦး | ၄၆၉ ဦး | ၁၅ ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉ ဦး | ၁၂ ဦး | ၇၁ ဦး | ၂ ဦး |
| | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၂ ဦး | ၂ ဦး | ၂ ဦး | - |
| | “ဝ”ဒီမိုကရက်တစ်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ ဦး | - | ၃ ဦး | - |
| | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂ ဦး | ၃ ဦး | ၂၆ ဦး | |
| | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| | မွန်အမျိုးသားပါတီ | - | ၁ ဦး | ၂ ဦး | - |
| | တစ်သီးပုဂ္ဂလ | ၁ ဦး | ၂ ဦး | ၁ ဦး | ၁ ဦး |
| | ရခိုင်အမျိုးသားပါတီ | ၈ ဦး | ၇ ဦး | ၁၄ ဦး | ၁ ဦး |
| | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ ဦး | - | ၁ ဦး | - |
| | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ်(စဒက) | - | - | ၁ ဦး | - |
| | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၃ ဦး | ၁ ဦး | ၆ ဦး | - |
| | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - | - | ၁ ဦး | - |
| | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | ၁ ဦး | - |
| | “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ ဦး | - |
| | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၁ ဦး | - | ၁ ဦး | ၁ ဦး |
| | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ ဦး |
| | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(TNDP) | - | - | ၁ ဦး | - |
| | **စုစုပေါင်း** | ၃၁၅ ဦး | ၁၆၃ ဦး | ၆၁၂ ဦး | ၂၂ ဦး |

# အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၏ မဲရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၃၀၉။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ဦးအင်ထုံးခါးနော်ဆမ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၉၆၁ |
| ၃၁၀။ | ချင်းပြည်နယ် | မတူပီ | ဦးပါထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၈၁ |
| ၃၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု | ဒေါ်တင်တင်ရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၃၁၄ |
| ၃၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း | ဦးနေလင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၃၇၅ |
| ၃၁၃။ | ရခိုင်ပြည်နယ် | မာန်အောင် | ဦးတင်နု(ခ)တင်နုအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၁၉၈ |
| ၃၁၄။ | ရခိုင်ပြည်နယ် | အမ်း | ဦးသိန်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၃၀၃၇ |
| ၃၁၅။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ဒေါ်နီနီမေမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၃၄ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၆၁။ | ကချင်ပြည်နယ် | အမှတ် (၂) | ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၈၈၂ |
| ၁၆၂။ | ချင်းပြည်နယ် | အမှတ် (၁၀) | ဦးလားလ်မင်းထန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၈၉ |
| ၁၆၃။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးခင်မျိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၂၆၂ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၆၀၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား (၁) | ဒေါက်တာခက်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၄၆၃ |
| ၆၀၂။ | ကချင်ပြည်နယ် | မြစ်ကြီးနား (၂) | ဦးနေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၈၀၅ |
| ၆၀၃။ | ချင်းပြည်နယ် | မတူပီ (၁) | ဦးဟွန်းခဲန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၄၂ |
| ၆၀၄။ | ချင်းပြည်နယ် | မတူပီ (၂) | ဦးဝိကော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၃၂ |
| ၆၀၅။ | ရခိုင်ပြည်နယ် | အမ်း (၁) | ဦးမောင်မောင်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၅၄၅ |
| ၆၀၆။ | ရခိုင်ပြည်နယ် | အမ်း (၂) | ဦးခင်မောင်ငွေး | ရခိုင်အမျိုးသားပါတီ | ၉၄၅၂ |
| ၆၀၇။ | ရခိုင်ပြည်နယ် | တောင်ကုတ် (၁) | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၇၇၇ |
| ၆၀၈။ | ရခိုင်ပြည်နယ် | တောင်ကုတ် (၂) | ဦးမင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၈၁၂ |
| ၆၀၉။ | ကချင်ပြည်နယ် | မိုးညှင်း (၁) | ဦးတင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၂၃၂ |
| ၆၁၀။ | ကချင်ပြည်နယ် | မိုးညှင်း (၂) | ဦးကျော်ကျော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၀၅၆ |
| ၆၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ (၁) | ဦးလှထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၈၄၂ |
| ၆၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ (၂) | ဦးကြည်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၀၀၈ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းရင်းသား | အနိုင်ရ(တိုင်းရင်းသားလူမျိုး) လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၂။ | တနင်္သာရီတိုင်းဒေသကြီး | ကရင် | ဦးစောလုကာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၀၈၆ |

*စာမျက်နှာ ၅ မှ*

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၅၂) | ဦးဝင်းကို | ၇/မညန(နိုင်) ၀၅၀၄၆၅ | မိုးညို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၃) | ဦးအောင်ကိုမင်း | ၇/ကပက(နိုင်) ၀၆၃၄၆၀ | ကြို့ပင်ကောက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၄) | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ၇/ကပက(နိုင်) ၀၅၄၇၃၈ | ကြို့ပင်ကောက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅၅) | ဦးစိုင်းကျော်ဇော | ၉/မနမ(နိုင်) ၀၂၃၇၃၉ | ရှမ်းတိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၆) | ဦးအောင်ဆန်းဝင်း | ၉/သပက(နိုင်) ၀၃၄၅၈၉ | သပိတ်ကျင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၇) | ဦးတင်မြင့်ဆွေ | ၉/သပက(နိုင်) ၀၀၁၄၀၆ | သပိတ်ကျင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၅၈) | ဦးကျော်လွင် | ၁၁/ကဖန(နိုင်) ၀၃၉၈၅၄ | ကျောက်ဖြူ(၁) | ရခိုင်အမျိုးသားပါတီ |
| (၅၉) | ဦးဖိုးစံ | ၁၁/ကဖန(နိုင်) ၀၀၅၇၄၄ | ကျောက်ဖြူ(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၀) | ဦးစံကျော်လှ | ၁၁/ပဏတ(နိုင်) ၀၃၈၇၇၇ | ပုဏ္ဏားကျွန်း(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၁) | ဦးအောင်သန်းတင် | ၁၁/ပဏတ(နိုင်) ၀၀၁၃၄၉ | ပုဏ္ဏားကျွန်း(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၂) | ဦးသာထွန်းအောင် | ၁၁/ပတန(နိုင်) ၀၀၂၇၃၂ | ပေါက်တော(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၃) | ဦးအောင်ကျော်ထွီး | ၁၁/ပတန(နိုင်) ၀၄၅၈၅၆ | ပေါက်တော(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၄) | ဦးထွန်းလှစိန် | ၁၁/မတန(နိုင်) ၀၁၁၁၄၀ | မောင်တော(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၅) | ဦးမောင်အုန်း | ၁၁/မတန(နိုင်) ၀၀၉၈၂၀ | မောင်တော(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၆) | ဦးဇော်ဇော်မြင့် | ၃/ဘအန(နိုင်) ၀၇၃၁၀၃ | ဘူးသီးတောင်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၇) | ဦးထွန်းအောင်သိန်း | ၁၁/ဘသတ(နိုင်) ၀၀၁၄၀၆ | ဘူးသီးတောင်(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၈) | ဦးကျော်လွင် | ၁၁/ဘသတ(နိုင်) ၀၀၀၉၆၆ | ရမ်းဗြဲ(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၉) | ဦးသန်းမောင်ဦး | ၁၁/ရဗန(နိုင်) ၀၀၄၅၂၅ | ရမ်းဗြဲ(၂) | ရခိုင်အမျိုးသားပါတီ |
| (၇၀) | ဦးဝင်းနိုင် | ၁၁/သတန(နိုင်) ၀၆၀၈၃၂ | သံတွဲ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၁) | ဦးနိုင်ကြွေအေး | ၁၁/သတန(နိုင်) ၀၀၆၀၀၃ | သံတွဲ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၂) | ဦးစိုးဝင်း | ၁၁/ဂမန(နိုင်) ၀၂၄၉၇၆ | ဂွ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၃) | ဦးညီပု | ၁၁/ဂမန(နိုင်) ၀၀၆၃၁၁ | ဂွ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၄) | ဦးမောင်မောင်အုန်း | ၈/ပခန(နိုင်) ၁၆၇၆၈၀ | အမ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၇၅) | ဦးခင်မောင်ငွေး | ၁၁/အမန(နိုင်) ၀၄၇၈၃၂ | အမ်း(၂) | ရခိုင်အမျိုးသားပါတီ |
| (၇၆) | ဦးဝင်းမြင့် | ၁၁/တကန(နိုင်) ၀၀၀၆၅၄ | တောင်ကုတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၇) | ဦးမင်းအောင် | ၁၁/တကန(နိုင်) ၀၄၆၆၄၁ | တောင်ကုတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၇၈) | ဦးအောင်ဆန်းဝင်း | ၁၂/မဘန(နိုင်) ၀၀၀၅၅၃ | မှော်ဘီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၉) | ဦးသန်းအောင် | ၁၂/မဘန(နိုင်) ၁၀၄၁၉၂ | မှော်ဘီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၀) | ဦးဝင်းမောင်(ခ) ဦးဦးဝင်းမောင် | ၁၁/ရသတ(နိုင်) ၀၃၅၉၀၁ | လှိုင်သာယာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၁) | ဦးမြတ်မင်းသူ | ၁၄/လပတ(နိုင်) ၁၂၅၈၈၁ | လှိုင်သာယာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၂) | ဦးသန်းနိုင်ဦး | ၁၂/ဥကမ(နိုင်) ၀၆၁၁၀၇ | ပန်းဘဲတန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၃) | ဒေါ်စိုးပပလှိုင် | ၁၂/သဃက(နိုင်) ၀၃၅၇၀၅ | ပန်းဘဲတန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၄) | ဒေါ်မြတ်မာလာထွန်း | ၁၂/လကန(နိုင်) ၁၁၀၉၀၆ | လှည်းကူး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၅) | ဦးဖြိုးမင်းသိန်း | ၁၂/ဒဂတ(နိုင်) ၀၅၈၅၇၈ | လှည်းကူး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၈၆) | ဒေါက်တာလင်းထွဋ် | ၁၃/ကခန(နိုင်) ၀၀၁၅၄၄ | လားရှိုး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၇) | ဦးအောင်သူ | ၁၃/ကဆက(နိုင်) ၀၀၁၈၁၀ | လားရှိုး(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၈) | ဦးစိုင်းလှိုင်ခမ်း | ၁၃/မယန(နိုင်) ၀၀၆၆၅၀ | မိုင်းယန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၉) | ဦးတင်ဝင်း | ၉/ရမသ(နိုင်) ၀၃၉၄၃၁ | မိုင်းယန်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၀) | ဦးအီးရှာမွေ | ၁၃/မပတ(နိုင်) ၀၁၆၅၀၁ | မိုင်းပျဉ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၁) | ဦးစိုင်းလှဝင်း | ၁၃/မခန(နိုင်) ၀၀၀၁၄၆ | မိုင်းပျဉ်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၉၂) | ဒေါက်တာထိန်ဝင်း | ၁၄/ကကန(နိုင်) ၀၆၄၄၁၆ | ကျောင်းကုန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၃) | ဦးခင်မောင်ဇော် | ၁၄/ကကန(နိုင်) ၀၇၂၀၃၅ | ကျောင်းကုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် လှေလှော်ပြိုင်ပွဲကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးက နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် လှေလှော်အားကစား မောင်မယ်လေးများ ထူးချွန်စွာထွက်ပေါ်နိုင်ရေး ဦးတည်ချက်ဖြင့် ၂၀၁၅ ခုနှစ် ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် လှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ နှင့် ၂၄ ရက်တို့တွင် ပုသိမ်မြို့ ကန်သာယာ(ကန်သုံးဆင့်)၌ ကျင်းပမည်ဖြစ်ရာ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြ၊ ဖျာပုံ၊ လပွတ္တာခရိုင်ကိုယ်စားပြု အမျိုးသားငါး တက်လှေလှော်အသင်း၊ အမျိုးသား ၁၀ တက်လှေလှော်အသင်း၊ အမျိုးသမီးငါး တက်လှေလှော်အသင်းများနှင့် အလွတ်တန်းမြန်မာ့ရိုးရာ ဒုန်းလှေ၊ သမ္ပန်ခတ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**



# မိတ္ထီလာတွင် (၁၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပင့်ဆောင်ပူဇော်

**မိတ္ထီလာ နိုဝင်ဘာ ၁၄**

မိတ္ထီလာမြို့နယ် ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ၌ (၁၇)ကြိမ်မြောက် ပင့်ဆောင်ပူဇော်ထားသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား မူလကိန်းဝပ်သီတင်းသုံးရာ နေရာဖြစ်သည့် ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့် ကျောင်းတိုက်စံကျောင်းတော်သို့ လှည့်လည်ပင့်ဆောင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီက ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**



နိုဝင်ဘာ ၁၀ ရက်မှ စတင်ပြီး မြို့မ၊ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ ပေါက်ချောင်း၊ သီရိမင်္ဂလာ၊ အောင်ဆန်း၊ ဈေးအရှေ့ပြင်၊ ဝန်ဇင်း၊ ပြည်သာယာ(တ)၊ ပြည်သာယာ(မ)၊ နန်းတော်ကုန်း၊ အောင်ဇေယျာ၊ ရတနာမာရ်အောင်၊ စက်မှုဇုန်၊ ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုပို့/ဆက်သင်တန်းကျောင်း၊ အကျဉ်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်တရားရုံး စသည့်ရပ်ကွက်များ၊ ဌာနဆိုင်ရာများတွင် ဝမ်းတော်ပြည့်ကျောင်းတိုက်စံကျောင်းတော်၌ ကိန်းဝပ်သီတင်းသုံးသည့် နှစ်ကျိပ်ရှစ်ဆူဘုရား(ဗုဒ္ဓရုပ်ပွားဆင်းတုတော်)များကို မြို့နယ်အတွင်း လှည့်လည်ပူဇော်ခံကာ သီတင်းသုံးရာနေရာသို့ ပြန်လည်ပင့်ဆောင် ပူဇော်ခြင်းဖြစ်သည်။ ၎င်းနှစ် ကျိပ်ရှစ်ဆူဘုရား (ဗုဒ္ဓရုပ်ပွားဆင်းတုတော်)များ လှည့်လည်ပူဇော်ရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက အချိုရည်များဖြင့် တိုက်ကျွေးဒါနပြုခြင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများကို အမွှေးနံ့သာများ၊ ပန်းမာလာများဖြင့် ကပ်လှူပူဇော်ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရထားသစ်များကို မြေပြန့်နှင့်တောင်ပေါ်ဒေသအားလုံး၌ စတင်ပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းနိုင်ရန် ရည်ရွယ်ကာ စက်ခေါင်းသစ်များ၊ လူစီးတွဲသစ်များကို ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဒီဇယ်ရထား စက်ခေါင်း ၁၁ ခေါင်းနှင့် လူစီးရထားတွဲ ၃၉ တွဲကို အသစ်ဝယ်ယူခဲ့ပြီး ရောက်ရှိလာသည့်စက်ခေါင်းနှင့် လူစီးတွဲများအနက် စက်ခေါင်း သုံးခေါင်းနှင့် လူစီး ၁၈ တွဲကို ရန်ကုန်-မန္တလေးလမ်းပေါ်၌ စမ်းသပ်မောင်းနှင်ရန် ပြင်ဆင်နေကြောင်း မြန်မာ့မီးရထားမှ ဒုတိယ အထွေထွေမန်နေဂျာ(တွဲ) ဦးဝင်းနိုင်က ပြောကြားသည်။

ထို့ပြင် ကျန်ရှိသည့် စက်ခေါင်းများကို တောင်ပေါ်ရထားလမ်းများတွင် အသုံးပြုနိုင်ရန် စမ်းသပ်သွားမည်ဖြစ်ပြီး စက်ခေါင်းတစ်ခုလျှင် ယူရို ၁၀၁၉၈၀၀ နှင့် လူစီးတွဲ တစ်တွဲလျှင် ဒေါ်လာ ၃၉၀၃၀၀ နှုန်းဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

"ဝယ်ယူထားတဲ့ လူစီးတွဲတွေကို အထက်တန်းခုံတွေနဲ့ အစားထိုးပြီး အထူးတန်းအဖြစ် ပြောင်းလဲပြင်ဆင်ဖို့ မြစ်ငယ်မှာ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ၁၈ တွဲကိုတော့ ကိုးတွဲစီခွဲပြီး ရန်ကုန်-မန္တလေး နှစ်စင်း ပြေးဆွဲသွားမှာဖြစ်ပါတယ်" ဟု ဦးဝင်းနိုင်က ပြောကြားသည်။




နိုဝင်ဘာ ၁၅ ရက်တွင် လူစီးတွဲသစ် ၁၀ တွဲ၊ ဒီဇင်ဘာလအတွင်း ၁၁ တွဲ ရောက်ရှိလာမည်ဖြစ်ကာ စက်ခေါင်းသစ်စက်ရုံကို နေပြည်တော်နှင့် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံကို မြစ်ငယ်တို့တွင် တည်ဆောက်ထားခြင်းကြောင့် ပြုပြင်တပ်ဆင်မှုများ ဆောင်ရွက်ရန်ရှိသည်။

လက်မှတ်ခများကို တိုးမြှင့်သွားရန်မရှိဘဲ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ပြေးဆွဲခွင့်ရရန် ပြင်ဆင်လျက်ရှိသည်။ **သတင်းနှင့်ဓာတ်ပုံ**

**တင်စိုး(မြန်မာ့အလင်း)**

# ပြည်ပနိုင်ငံမှ ကြိုပွဲငှဝယ်ယူမှုများကြောင့် လာမည့်မတ်ပဲပေါ်ချိန် တောင်သူများအကျိုးဖြစ်ထွန်းမည်

**မန္တလေး နိုဝင်ဘာ ၁၄**

လာမည့် ဇန်နဝါရီလအတွင်းထွက်ရှိမည့် မတ်ပဲကို အိန္ဒိယနိုင်ငံမှ FOB ဈေးဖြင့် တစ်တန်လျှင် မြန်မာငွေကျပ် ၁၆၅၀၀၀၀ ဖြင့် ကြိုပွဲငှဝယ်ယူမှုများရှိနေသဖြင့် လာမည့်မတ်ပဲပေါ်ချိန်တွင် မတ်ပဲစိုက်တောင်သူများ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

ပဲဈေးကွက်၏ထုံးစံအရ ပဲပေါ်ချိန်ကာလများတွင် ဈေးနှုန်းများကျဆင်းတတ်သော်လည်း ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ရာသီဥတုဆိုးရွားမှုများကြောင့် မတ်ပဲကို လက်ရှိဈေးဖြင့်ပင် ကြိုပွဲငှဝယ်ယူနေမှုကြောင့် လာမည့်မတ်ပဲပေါ်ချိန်တွင် မတ်ပဲစိုက်တောင်သူများအတွက် ပဲပေါ်ချိန်အစမှာပင် ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း မန္တလေးပဲဈေးကွက်မှ ရန်ကုန်မြို့ ကုန်စည်ဒိုင်အသင်းဝင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ပုံမှန်မတ်ပဲပေါ်ချိန်မှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၈၀၀၀၀ လောက်ရှိနေတတ်ပေမယ့် ယခုကြိုပွဲငှဝယ်ထားတဲ့ဈေးက နှစ်ဆဖြစ်နေတဲ့အတွက် လာမယ့်ပဲပေါ်ချိန်မှာတော့ တောင်သူတွေအတွက် သတင်းကောင်းပါပဲ" ဟု ၎င်းက ပြောသည်။

ထို့အပြင် ရွေးကောက်ပွဲမတိုင်မီကာလများက အေးစက်ရပ်တန့်နေသော ပဲဈေးကွက်မှာလည်း ရွေးကောက်ပွဲအပြီး ယခုရက်ပိုင်းတွင် ပြန်လည်နိုးထလျက် အရောင်းအဝယ်သွက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ရွေးကောက်ပွဲမတိုင်ခင်က မဲထည့်ဖို့အတွက် အာရုံစိုက်ပြီး စဉ်းစားရွေးချယ်နေကြတော့ အရောင်းအဝယ်တွေ ရပ်တန့်သွားတာပါ။ အခုတော့ ရွေးကောက်ပွဲလည်း ပြီးသွားတဲ့အတွက် အရောင်းအဝယ်တွေ ပုံမှန်ပြီး အသက်ဝင်လှုပ်ရှားလာတဲ့သဘောပါပဲ" ဟု ၎င်းက ပြောသည်။

လက်ရှိ ပဲဈေးကွက်တွင် ပဲတီစိမ်း(အသစ်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ နှမ်းနက်(စမုန်)တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်း၊ ရိုးရိုးနှမ်းအနက် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းနှင့် မြေပဲဆန်အနေဖြင့် ဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် ၅၀၅ နှစ်ပြည့် ပွဲတော်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၄**

ကေတုမတီ(တောင်ငူ) မြို့တည် နန်းတည် ၅၀၅ နှစ်ပြည့်ပွဲတော် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက တောင်ငူခရိုင် အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် ပွဲတော်ကော်မတီဝင်များက အသင်းသားများအား လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားရာ ဟံသာဝတီလူငယ်အသင်းက ကေတုမတီလူငယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ကေတုမတီ လူငယ်အသင်း၊ ဟံသာဝတီလူငယ်အသင်း၊ တောင်ငူမြို့နယ်လူငယ်အသင်း၊ မန္တလေးတိုင်းလူငယ်အသင်း၊ တောင်ပိုင်းတိုင်းလူငယ်အသင်း စသည့် အသင်းငါးသင်းဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၂၄ ရက်အထိ ပတ်လည်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီ စင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**(မိုး/ဇလ)**

# လှိုင်သာယာ ကစင်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၄**

ယခုနှစ်ပိုင်း လူဦးရေ သိသာစွာတိုးလာသော လှိုင်သာယာမြို့နယ်၌ နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ကစင်ကျေးရွာအုပ်စု မြေတိုင်း ၂၃ စိန်ပန်း ၂ လမ်းရှိ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် ကစင်ကျေးရွာအုပ်စု မြေတိုင်း ၂၃ စိန်ပန်း ၂ လမ်းရှိ အိမ်အမှတ်-၆၂၅ ဦးမောင်ပြည့်(ခ)ဦးပြည့်စိုးဦး၏ ခြောက်ခန်းတွဲအဆောင်မှစတင်၍ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုမှ နေအိမ်လေးလုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ (ယာပုံ)

"ခေါင်းရင်းအိမ် အဆောင်မီးလောင်တယ်သိရတော့ အသက်ကြီးနေပြီဖြစ်တဲ့အမေကို လမ်းထိပ်အသိအိမ်ကို ချိပို့ပြီး ရပ်ကွက်ပြည်သူတွေနဲ့ မီးဝိုင်းငြိမ်းသတ်တယ်။ မိနစ် ၂၀ ခန့်မှာ မီးညွန့်ကျိုးတဲ့အချိန် မီးသတ်ကားစရောက်လာတယ်"ဟု နေအိမ်မီးလောင်ဆုံးရှုံးခံရသော ဦးအုန်းဆွေမင်းက ပြောသည်။

အဆိုပါ မီးလောင်ရာသို့ တိုင်းမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ မိတ်ဖက်ယာဉ် နှစ်စီး စုစုပေါင်း ၁၇ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ၁၀ တန်းစာအုပ်တစ်အုပ်မှ မသယ်နိုင်ခဲ့ဘူး၊ ရပ်ကွက်ကို မီးကူးမှာစိုးလို့ ဝိုင်းငြိမ်းသတ်ခဲ့တာ၊ အဖေက အမေကိုယ်ဝန်သည်ကိုတွဲကူပြီး မီးလွတ်ရာကို ပြေးရတယ်၊ တစ်အိမ်လုံးလောင်သွားတယ်ဆိုတော့ အဖေသယ်သွားတဲ့ အစ်ကိုစစ်ဗိုလ်ရဲ့ သံသေတ္တာတစ်လုံးပဲ ပါသွားတယ်၊ အားလုံး ခါးဝတ်အကျီပဲကျန်ခဲ့တယ်။ စာမေးပွဲနီးလာပြီဆိုတော့ ကျွန်တော့်လိုမဖြစ်စေချင်ဘူး။ နယ်က လာတက်တဲ့အစ်ကိုဝမ်းကွဲလည်း ၁၀ တန်းပဲ။ နှစ်ဦးလုံး အထူးထုတ်ပဲအားကိုးရတော့မယ်။ အိမ်တိုင်း မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းတွေထားသင့်တယ်" ဟု ယာယီကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော အမှတ်(၁) အထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် မောင်ကိုကိုမော်က ပြောသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စု ရှစ်စုမှ လူဦးရေ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၅ ဦး အိမ်ရာမဲ့ဖြစ်ခဲ့ပြီး အဆိုပါကျေးရွာအုပ်စုရှိ သာသနာ့ဂုဏ်ရည် ဘုန်းကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ မီးဘေးသင့်သူများကို မြို့နယ်၏အစီအစဉ်ဖြင့်စီမံဆောင်ရွက်ထားရှိပြီး မီးစတင်လောင်ကျွမ်းရသည့်အကြောင်းရင်းကို အရေးယူဆောင်ရွက်နိုင်ရန် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**သန်းထိုက်(လှိုင်သာယာ)**

# လူသတ်ထွက်ပြေးတိမ်းရှောင်နေသည်ဟုယူဆရသူကို လားရှိုးရဲတပ်ဖွဲ့ဖမ်းမိ

**လားရှိုး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့မရဲစခန်း၏ ကနဦးသတင်းပေးချက်အရ လူသတ်မှုတွင် ပါဝင်ပတ်သက်သည်ဟု ယူဆရသည့် လူကို လားရှိုးမြို့ မှုခင်းတပ်ဖွဲ့စုနှင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်မှ ရဲအုပ်ငြိမ်းဆွေ ဦးစီးသော ရဲတပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီခွဲက လားရှိုးမြို့နယ် စဥ့်အင်ကျေးရွာအုပ်စုနှင့် နမ့်အွန်ကျေးရွာ၌ ဖမ်းဆီးရမိကြောင်း သိရသည်။

အဆိုပါထွက်ပြေးတိမ်းရှောင်သူမှာ လားရှိုးမြို့ ရပ်ကွက်(၅)၌ နေထိုင်သူ လောက်တာ(ခ)တရုတ်ကြီး(ခ)မင်းသားကြီးဆိုသူ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု မန္တလေး-စစ်ကိုင်းကားလမ်း တံတားဖြူအနီး ရေစပ်တွင် စက်တင်ဘာ ၂၈ ရက်က အသက်(၂၅ နှစ်)အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးသောအမှုနှင့် ပတ်သက်သူဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုတွင် သေဆုံးသူ၏ ခင်ပွန်းဖြစ်သော ထွက်ပြေးတိမ်းရှောင်သူသည် လားရှိုးမြို့ရပ်ကွက်(၅)၌ နေထိုင်ခြင်းမရှိဘဲ စဥ့်အင်ကျေးရွာ၊ နမ့်အွန်ကျေးရွာနှင့် ကုန်းမွန်ကျေးရွာတို့၌ လှည့်လည်နေထိုင်သူဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းရရှိခဲ့သဖြင့် ကြိုတင်စောင့်ဆိုင်းဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူက ကားဖြင့်ထွက်ပြေးမည်ပြုစဉ် ရဲအုပ်ငြိမ်းဆွေ အဖွဲ့နှင့် မှုခင်းတပ်ဖွဲ့တို့က လုံးထွေးသတ်ပုတ်ကာ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

**မမ(လားရှိုး)**

# ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ကြာအင်းဆိပ်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်ကျေးရွာအုပ်စု ခလယ်ကျေးရွာအလယ်ပိုင်း အမှတ်(၃)ရပ်ကွက်နေ ကျော်နိုင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၆ ပြားနှင့် မြန်မာငွေကျပ် ၅၆ ဒသမ ၈ သိန်းတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာရပ်ကွက် အမှတ်(အရ/၉၂)နေ မြင့်သန်းနှင့် အောင်မျိုးထွန်းတို့နေထိုင်သောအခန်းကို ရှာဖွေရာ စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၀၄၀၆ ကီလိုနှင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ကောင်းမွန်လျှို မော်စီစာ(၂)ရပ်ကွက် မော်စီစာကျေးရွာ လုံးခင်းကျေးရွာအုပ်စုရှိ မျိုးမင်းလှိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တာချီလိတ် ဝေလေလန်စစ်ဆေးရေးစခန်း၌ အိုက်စ်အဖြူရောင်ပုံဆောင်ခဲများဖမ်းမိ

**တာချီလိတ် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မိုင်းဖုန်း(ခ)အုပ်စု ဝေလေလန် စစ်ဆေးရေးစခန်း၌ ကျပ်သိန်းပေါင်း ၂၉၉၅၀ ခန့်ရှိ အိုက်စ်အဖြူရောင်ပုံဆောင်ခဲများကို နိုဝင်ဘာ ၁၂ ရက်က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေလေလန်စစ်ဆေးရေးစခန်း၌ တာချီလိတ်ဘက်မှ ဝမ်ပုံဘက်သို့ အောကတ်စတင်း(ခ)လုကာ မောင်းနှင်လာသော SHN/---- မတ်တူးအမျိုးအစား အဖြူရောင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်နောက်ဖုံးအတွင်း သို့ဝှက် သယ်ဆောင်လာသော အိုက်စ်အဖြူရောင် ပုံဆောင်ခဲ အလေးချိန် တစ်ကီလိုခန့်ပါ ၁၁၉ ထုပ်နှင့် ၀ ဒသမ ၈ ကီလိုခန့်ပါ တစ်ထုပ် စုစုပေါင်း အလေးချိန် ၁၁၉ ဒသမ ၈ ကီလို၊ ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၂၉၉၅၀ ခန့်ကို သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် မော်တော်ယာဉ်ကို တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးအနောက်ဘက် အိမ်အမှတ်(၉၄)တွင်နေထိုင်သူ အာတာချိုင်(ခ)ချားချာ၏ ပစ္စည်းများဖြစ်ကြောင်း၊ ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါနေရာကို ဆက်လက်ဝင်ရောက် ရှာဖွေရာ အာတာချိုင်(ခ)ချားချာနှင့် မိသားစုကို နေအိမ်၌ မတွေ့ရှိရဘဲ ၄င်းနေအိမ်တွင် မူးယစ်ဆေးဝါး တစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အောကတ်စတင်း(ခ)လုကာ (၂၈ နှစ်) ရန်ရှင်း(၃)ရွာ မိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ်နေသူနှင့် မူးယစ်ဆေးဝါးများ၏ ပိုင်ရှင်ဖြစ်သူ အာတာချိုင်(ခ)ချားချာ(တိမ်းရှောင်) (၃၅ နှစ်)တို့ကို ဝမ်ပုံ နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(လ/၀၁၅)**

# ဖြူးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**ဖြူး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အရှေ့ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်၌ နိုဝင်ဘာ ၁၁ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဖြူးမြို့နယ် သစ်ခြောက်ခင်ကျေးရွာနေသူများဖြစ်ကြသည့် ဝေလွင်ဦး(ခ)မင်းထိုက်ဦး (၃၄ နှစ်)၊ ဒေါ်မြရီ(၅၆ နှစ်)နှင့် မောင်ထွေး(၃၉ နှစ်)သုံးဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြားနှင့် ဒေါ်မြရီထံမှ ရောင်းချရရှိသည့် ငွေကျပ် ၇၆၆၄၀၀တို့ အပါအဝင် ဆိုင်ကယ်နှစ်စီးနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရရှိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါဆေးပြားများကို တစ်ရွာတည်းနေ ဒေါ်မြရီ၏ ချွေးမတော်သူ မစိုးစိုးဝင်း(ခ)ရခိုင်မထံသို့ ပေးပို့ရန် ယူဆောင်လာခြင်းဖြစ်ကြောင်း သိရ၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင်ဘိန်းစိုက်ခင်း ခြောက်ဧက တွေ့ရှိဖျက်ဆီး

**ကလော နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တရားမဝင်ဘိန်းခင်းရှာဖွေဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က တရားမဝင်ဘိန်းခင်း ခြောက်ဧကခန့်ကို ဒေသခံပြည်သူများနှင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တောင်ကွဲကျေးရွာအုပ်စု မြောင်ချောက်ကျေးရွာ အနောက်ဘက် ၁၅ မိုင်ခန့် ခန့်မှန်းမြေပုံအညွှန်း KC-40976627 ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် သုံးမြို့နယ် အစုံအရပ်တွင် ဘိန်းစိုက်ခင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ တရားမဝင်ဘိန်းခင်းများရှိနေကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ကလောမြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်ဇော်မိုး၊ နယ်မြေခံတပ်၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**ဇော်သိန်းရည်**

## ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

တနင်္သာရီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မိုး/ဇလ)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၅ယ/၂၃၇၆၂ ဟွန်ဒါဝေ့(ဖ်) 100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဝင်း ၁၀/ခဆန(နိုင်)၀၆၈၂၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၉၄၄၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းမိုး ၁၀/ပမန(နိုင်)၁၀၃၂၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံမြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် X-1250 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၇၂၉၀ ဟွန်ဒါ CBR-150 ယာဉ်လက်ဝယ်ရှိသူ ဦးမြစ် ၁၀/မဒန(နိုင်)၀၃၉၂၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9500 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၃၅၆၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၃**

**ကွယ်လွန်သူ ဦးခင်မောင်လေး၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

**ဦးကျော်စိုးထွန်း** **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက် (၅၉၃)၊ လေဘာတီတိုက်ခန်း၊ အမှတ် W-2၊ ၂၈လမ်း၊ (၈၁×၈၂)လမ်းကြားနေ ဦးကျော်စိုးထွန်းက ကွယ်လွန်သူ ဦးခင်မောင်လေး၏သားဖြစ်သည်ဟူ၍ အထက်ဖော်ပြပါရပ်ကွက်နေ ၄င်းကွယ်လွန်သူ ဦးခင်မောင်လေးမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးခင်မောင်လေးမှာ ကျန်ရစ် သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူသူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၉ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးကျော်စိုးထွန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ် ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မန္တလေးခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7873 Toyota Belta SCP92, S/L(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၁၂/လမန(နိုင်)၁၄၅၃၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၃/က၊ မြေကွက်တည်နေရာအမှတ် ၈၉၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးသော်၊ ဒေါ်လှခင်) အမည်ပေါက် မြေပိုင်မြေ B ၊ အိမ်ရာမြေ မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)ဖြင့် ဒေါ်လှခင်မှ ပိုင်ဆိုင်လာပါသည်။ဒေါ်လှခင်မှ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ် ၉၃၁/၁၉၈၀(၄-၈-၁၉၈၀)ဖြင့် ဒေါ်ခင်အေးဝင်းအား မွေးစားခဲ့ပါသည်။ ဒေါ်လှခင်ကွယ်လွန်သဖြင့် ဒေါ်ခင်အေးဝင်းမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် ၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅)၊ အမှားပြင်စာချုပ်အမှတ် ၉၇၅/၂၀၁၂(၂၁-၂-၂၀၁၂)တို့ဖြင့် ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်အေးဝင်းမှာ ၁၅-၁၀-၂၀၁၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၄င်း၏ခင်ပွန်း ဦးသန်းဆွေ၏ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၇၁၀၂/၂၀၁၂) ၂၃-၁၀-၂၀၁၂ ရရှိသူ ဦးမင်းထူးလွင် ၁၂/သဃက(နိုင်)၀၂၇၀၅၉မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)မိတ္တူမှန်၊ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ် ၉၃၁/၁၉၈၀(၄-၈-၁၉၈၀) မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅) မိတ္တူမှန်၊ အမှားပြင်စာချုပ် ၉၇၅/၂၀၁၂(၂၁-၂-၂၀၁၂)၊ ဒေါ်ခင်အေးဝင်း ကွယ်လွန်ခြင်းအတွက် သေစာရင်း၊ G/P အထောက်အထား၊ G/P ပေးခြင်းအတွက် ပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်းကျမ်းကျိန်လွှာ၊ ဦးသန်းဆွေမှာ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန် လွှာ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမကြီးမှုအမှတ် ၁၁/၂၀၁၂(၂၀-၂-၂၀၁၅)ရက်စွဲပါ ဦးသန်းဆွေနှင့်စိန်နဂါးကြွေမြေ၊ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းတို့ရရှိခဲ့သည့် ပြေငြိမ်းဒီကရီတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၂**

**ကွယ်လွန်သူ ဦးခင်မောင်လေး၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

**ဦးကျော်စိုးထွန်း** **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက် (၅၉၃)၊ လေဘာတီတိုက်ခန်း၊ အမှတ် W-2၊ ၂၈လမ်း၊ (၈၁×၈၂)လမ်းကြားနေ ဦးကျော်စိုးထွန်းက ကွယ်လွန်သူ ဦးခင်မောင်လေး၏ သားဖြစ်သည်ဟူ၍ အထက်ဖော်ပြပါရပ်ကွက်နေ ၄င်းကွယ်လွန်သူ ဦးခင်မောင်လေးမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးခင်မောင်လေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူသူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၉ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးကျော်စိုးထွန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မန္တလေးခရိုင်တရားရုံး**

## ရန်ကုန်မြို့ပြ အမွေအနှစ်များရဲ့ ရာဇဝင်




# ရန်ကုန်မြို့ပြ ရာဇဝင်ထဲက သက်တမ်းရင့်တရုတ်ဘုရားကျောင်း

ဆောင်းပါး - ခင်ရတနာ၊
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ဝါးချောင်းကလေးများ အချင်းချင်းထိခိုက်မိသည့် တစ်ချောက်ချောက်မြည်သံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ စက္ကန့်အနည်းငယ်ကြာပြီးနောက် မြည်သံများရပ်တန့်သွားသည့်အဆုံး ကံကြမ္မာကိုအဆုံးအဖြတ်ပေးမည့် ဝါးတံလေးတစ်ချောင်းကို ကံကြမ္မာဖတ်ကြားသူက ဖြည်းညင်းစွာဆွဲထုတ်လိုက်ပြီး မေးမြန်းသူ၏ ကံကြမ္မာကို လေသံတိုးတိုးဖြင့် ဖတ်ကြားသည်။**

တိုးတက်လာသည့် ခေတ်မီနည်းပညာများ မည်မျှပင်များပြားစေကာမူ တရုတ်လူမျိုးတို့၏ရိုးရာ ကံကြမ္မာဖတ်ကြားမှုကို ယုံကြည်သက်ဝင်ကြသူများ သည်လည်းရှိနေသေးသည်ကို နှစ်ပေါင်း၁၀၀ကျော် ရှင်သန်နေခဲ့သည့် တရုတ်ဘုရားကျောင်းတစ်ခုအတွင်း မြင်တွေ့ရသည်။

ကြီးမားခိုင်ခံ့လှသည့် ဘုရားရုပ်ပွားတော်အပါအဝင် မိုးနတ်မင်း၊ ပင်လယ်နတ်မင်းအစရှိသည့် တရုတ်လူမျိုးတို့၏ ရိုးရာနတ်မင်းများ၏ ရုပ်တုများသည် နှစ်ကာလကြာရှည်သော်လည်း သစ်လွင်လျက်ရှိသည်။ အနီရောင်စက္ကူစတို့ဖြင့် ပတ်ထားသည့် အမွှေးတိုင်များ၏ ရနံ့နှင့် အနီရောင်သုတ်လိမ်းထားသော အဆောက်အအုံများ၊ ရိုးရာနတ်မင်းများ၏ နီစွေးသော အဝတ်အစားများကြောင့်လည်း ဘုရားကျောင်းသို့ ရောက်ရှိလာသူ အပေါင်းတို့မှာ စိတ်ကြည်နူးမှုနှင့် စိတ်ဓာတ်ခွန်အားတို့ကို အထိုက်အလျောက်ရရှိစေမည်ဟု ယုံကြည်ကြောင်းကို တရုတ်လူမျိုးဘုရားဂေါပကကြီးတစ်ဦးက မျှော်လင့်သည်ဟုဆိုသည်။

နေရာမှာ ရန်ကုန်မြို့ လသာမြို့နယ် ကမ်းနားလမ်း အမှတ် (၄၂၆) နှင့် (၄၃၂) ပေါ်တွင် တည်ရှိသည့် ရန်ကုန်မြို့၏ သက်တမ်းအရှည်ဆုံးနှင့် အကြီးမားဆုံး တရုတ်ဘုရားကျောင်းတစ်ခုထဲတွင်ဖြစ်သည်။

၁၈၅၂ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးသောအခါ ရန်ကုန်သည် ဗြိတိသျှလက်အောက်ရောက်ရှိခဲ့ပြီး အင်္ဂလိပ်အစိုးရသည် ရန်ကုန်မြို့တော်ကို စနစ်တကျ ပြန်လည် တည်ဆောက်နိုင်ရန်အတွက် ရွှေတိဂုံဘုရားလမ်းမကြီးကို အလယ်ဗဟိုပြုကာ မြေများကို အကွက်ရိုက်ပြီး စတုရန်း တစ်ပေလျှင် အနည်းဆုံး ကိုးပြားနှင့် အများဆုံး သုံးပဲနှုန်းသတ်မှတ်ကာ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသကဲ့သို့ တစ်ဖက်မှာလည်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အခမဲ့မြေနေရာများသတ်မှတ်ကာ ချထားပေးခဲ့ပြီး အခွန်လွတ်ဂရန်များကိုပေးအပ်ခဲ့ရာ Kheng Hock Keong တရုတ်ဘုရားကျောင်းမှာ တစ်ခုတည်းသော တရုတ်ဘုရားကျောင်းအဖြစ် ပါဝင်ခဲ့လေသည်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသမှ ရိုးရာဘုရားကျောင်းတစ်ခုနှင့် တစ်ပုံစံတည်း ထပ်တူညီသည့် သစ်သားဘုရားကျောင်းဗိမာန်နှင့် အဆောက်အအုံကို ၁၈၆၁ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြန်မာလူမျိုး ဗိသုကာပညာရှင်များနှင့် တရုတ်နိုင်ငံတောင်ပိုင်း ဖုကျန့်ပြည်နယ်မှ ရိုးရာဗိသုကာပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ၁၈၆၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

"ဗိမာန်နဲ့ အဆောက်အအုံကို တည်ဆောက်ခဲ့ရာမှာ ထိုစဉ်က အသုံးပြုတဲ့ အိန္ဒိယရူပီး ၁၅၃၀၀၀ ကျော် ကုန်ကျခဲ့ပါတယ်။ အဲဒီအချိန်မှာ ရန်ကုန်မြို့ကိုရောက်ရှိနေတဲ့ တရုတ်နိုင်ငံ ပြည်မက လူဦးရေ ၇၅၀၀ကျော်သာရှိပါသေးတယ်။ တရုတ်လူမျိုးတွေအနေနဲ့ တရုတ်ရိုးရာ ဘာသာတရားနဲ့ ယုံကြည်မှုကို ဘုရားရှင်ထံအပ်နှံတဲ့ အနေနဲ့ရော နိုင်ငံရဲ့ပြင်ပရောက်ရှိနေတဲ့ တရုတ်လူမျိုးတွေအတွက် အားထားရာအနေနဲ့ရော ရည်ရွယ်တည်ဆောက်ခဲ့ပုံရတယ်"ဟု အဆိုပါ ဘုရားကျောင်းဝင်းအတွင်းရှိ ဂေါပကတစ်ဦးက ပြောကြားသည်။

၁၉၀၃ခုနှစ်တွင် ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် တရုတ်လူမျိုးဦးရေမှာ တစ်သောင်းကျော်ရှိလာခဲ့ပြီး ပျက်စီးမှုရှိလာသည့် ဘုရားကျောင်းကို ခမ်းအမျိုးသားတစ်ဦးဖြစ်သည့် ဟော့ကျောင်းမှ တာဝန်ယူကာ ထိန်းသိမ်းပြုပြင်ခဲ့ပြီးနောက်ပိုင်းတွင် ဟိုခမ်းတရုတ်မျိုးနွယ်စုအသင်းအဖွဲ့မှ အစဉ်တစိုက် ထိန်းသိမ်းပြုပြင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၁၅၀ကျော်ခဲ့ပြီဖြစ်သည်။

ဘုရားကျောင်းစတည်ခါစကပင် တည်ဆောက်ထားခဲ့သည့် တရုတ်ရိုးရာနတ်မင်းကြီးများ၏ ရုပ်တုများကို ရှေးမူမပျက် ထိန်းသိမ်းထားလျက်ရှိပြီး အန်းကုန်းဘိုးတော်၊ ကွမ်ရင်မယ်တော်တို့နှင့် ပင်လယ်နတ်မင်းကြီးတို့ကို ပူဇော်မှုများအား တရုတ်လူမျိုးများသာမက ယုံကြည်သူ အချို့ကပါ လာရောက်ပူဇော်လေ့ရှိကြောင်း သိရသည်။

နှစ်စဉ် တရုတ်နှစ်သစ်ကူးပွဲတော်များ၊ ဘိုးဘွားပူဇော်ပွဲများနှင့် အထိမ်းအမှတ်နေ့များတွင် တစ်နေ့လျှင် လာရောက်သူဦးရေ ၆၀၀၀၀ ဝန်းကျင်အထိ များပြားပြီး ပုံမှန်နေ့များတွင် နေ့စဉ် လူ ၁၀၀ ခန့် လာရောက်ဆုတောင်းပူဇော်လေ့ရှိသည်ကို မြင်တွေ့ရ သည်။



"အဆောက်အအုံကြီးသာမက ရုပ်တုတွေကိုလည်း ရှေးမူမပျက် ထိန်းသိမ်းလျက်ရှိပါတယ်။ သစ်သားလက်ရာနဲ့ တိုင်လုံးတွေဟာ နှစ်ပေါင်းကြာလာတော့ ပျက်စီးမှုအနည်းငယ်တော့ ရှိပါတယ်။ ဒါပေမယ့် အများစုက သစ်လွင်ဆဲပါ" ဟု ဘုရားကျောင်း တာဝန်ခံတစ်ဦးက ပြောကြားသည်။

အသက် အရွယ်စုံ တရုတ်မျိုးနွယ်ဝင်တို့ ယုံကြည်မှုတစ်ခုဖြစ်သည့် ရွှေစက္ကူ၊ ငွေစက္ကူများအား မီးရှို့ခြင်းကိုလည်း ဘုရားကျောင်းအတွင်း မြင်တွေ့ရပြီး ဘာသာရေးယုံကြည်မှု များကြောင့် ရွှေစက္ကူများအား မီးရှို့ခြင်းနှင့်တစ်ပြိုင်နက် ဆုတောင်းသံများကိုလည်း ကြားရသည်။ ပြောင်းလဲလာသည့် ယဉ်ကျေးမှုများကြောင့် ယခင်က စတုရန်းပုံ အဝါရောင်စက္ကူများအလယ်တွင် ရွှေဆိုင်း၊ ငွေဆိုင်းများကပ်ထားသည့် စက္ကူရွက်များအား ရွှေတုံး၊ ငွေတုံးသဖွယ် ခေါက်လိပ်ကာ မီးရှို့ခဲ့ကြသော်လည်း ယခုအခါ ဒေါ်လာပုံစံ၊ တရုတ်ယွမ်ငွေပုံစံများအပြင် မော်တော်ကားများ၊ နေအိမ်တိုက်တာများ ပုံစံကိုပါ အနီရောင်၊ ရွှေရောင်၊ ငွေရောင်စက္ကူများဖြင့် ပြုလုပ်ကာ မီးရှို့ဆုတောင်းနေကြသည်ကိုလည်း မြင်တွေ့ရသည်။

"အခါကြီးရက်ကြီးတွေနဲ့ အကြံအစည်တစ်ခုခု၊ လုပ်ငန်းတစ်ခုခု လုပ်ခါနီးတိုင်း ဘုရားကျောင်းကို အရောက်သွားဖြစ်တယ်။ ငယ်စဉ်တုန်းကတော့ မိဘတွေခေါ်လို့ ရောက်ဖူးခဲ့ပြီး ကိုယ်မိဘဖြစ်လာတော့လည်း ကိုယ့်သားသမီးတွေကို ရိုးရာဓလေ့တွေ သင်ကြားပေးဖြစ်တယ်။ ကံကြမ္မာကိုလည်း မကြာခဏ စစ်ဆေးဖြစ်တယ်"ဟု ဘုရားကျောင်းသို့ လာရောက်သည့် တရုတ်လူမျိုး အမျိုးသားတစ်ဦးက ပြောကြားသည်။

ခ ရီး သွ ား ဆ ေ ာ င် း ပါ း

# ပင်လယ်ပြာပြာ၊ သဲသောင်ဖွေးဖွေးတွေနဲ့ အပန်းဖြေစရာ ကမ်းသာယာကမ်းခြေမှာ . . .

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - မောင်ချစ်ကြည်



**သဲဖြူလွလွပေါ် ခပ်ဖွဖွလမ်းလျှောက်ရင်း ပင်လယ်လေကို တစ်ဝကြီးရှူသွင်းလိုက်သည်။ သန့်ရှင်းလတ်ဆတ်သောလေက ရင်ထဲ၊ နှလုံးသားထဲအထိ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေကြောင့် ဆံပင်တို့ ဖွာလန်ကြဲသွားသည်ကို လက်ဖြင့်ဖိသပ်ရင်း အုန်းလက်တို့လေတိုးသံသဲ့သဲ့ကို နားထောင်မိသည်။ ကမ်းခြေသို့ တလိမ့်လိမ့်တိုက်ခတ်နေသော လှိုင်းခေါင်းဖြူတို့အသံက သဘာဝ၏ သံစဉ်တစ်ခုနှယ်။ လှိုင်းခေါင်းဖြူဖြူ၊ သဲဖြူလွလွနှင့် အုန်းပင်တန်းတို့အလှကား ကမ်းသာယာကမ်းခြေကို တိမ်းမူးအောင် ဆွဲဆောင်နေသည်က အမှန်ပင်။**

ကွေ့ဝိုက်နေသော ကမ်းခြေအတိုင်း ဖြည်းဖြည်းချင်း လမ်းလျှောက်ကာ သဘာဝပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုမိသည်။ ကျယ်ပြန့်သော သဲသောင်ပြင်က တစ်မျှော်တစ်ခေါ်၊ သဲသောင်ပြင်အဆုံး၌ အုန်းပင်တန်းနှင့် စိမ်းစိုနေသော သစ်ပင်များက အစီအရီ၊ ပင်လယ်ရေပြင်ပြာပြာက မျက်စိတစ်ဆုံး၊ ရေပြင်ပေါ်ထိုးထွက်တည်ရှိနေသော ကျွန်းငယ်များက တစ်ကျွန်းစ၊ နှစ်ကျွန်းစ။ သဘာဝအလှတရားက လူသားတို့ တုပခြယ်မှုန်းထားသည်ထက် အဆပေါင်းများစွာ အရိုင်းဆန်ဆန်လှပနေသည်။

“ခရီးသွားဧည့်သည်တွေလာပေမယ့် နည်းနေသေးတယ်” ဟု အတူပါလာသည့် ငွေမြို့သား ဦးစောသာလှက ပြောပြသည်။ ခရီးသွားလာရေးက အနည်းငယ်ဝေး၍ ဖြစ်မည်ဟု တွေးမိသည်။ ကမ်းသာယာကမ်းခြေသည် နာမည်ကျော် ငပလီကမ်းခြေနှင့် ငွေဆောင်ကမ်းခြေအကြား တည်ရှိနေ၍လားမသိ။ ခရီးသွားဧည့်သည်လာရောက်မှု များများစားစားမတွေ့ရ။ ခရီးသွားများအတွက် ကမ်းသာယာကမ်းခြေသို့ လာရောက်ချင်စိတ်ဖြစ်ပေါ်အောင် ဆွဲဆောင်နိုင်ရေး အသိပေးမှု အားနည်း၍လည်း ဖြစ်မည်။

ကမ်းသာယာကမ်းခြေသည် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ဂွမြို့အနီးတွင် တည်ရှိသည်။ ဂွမြို့မြောက်ဘက် ၁၆ မိုင်ခန့်အကွာတွင်တည်ရှိပြီး ကမ်းခြေလည်း ကောင်းသဖြင့် အပန်းဖြေစရာကောင်းသည့်နေရာဖြစ်သော်လည်း ခရီးသွားများ အလာနည်းနေသေးသည်။ ရန်ကုန်မှ မော်တော်ယာဉ်ဖြင့် လာလျှင် ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ရေကြည်၊ ငါးသိုင်းချောင်းမှ ဂွမြို့သို့ လာရောက်နိုင်ပြီး ဂွမြို့မှ ကမ်းသာယာကမ်းခြေသို့ ရောက်ရှိနိုင်ရာ စုစုပေါင်းအချိန် ၈ နာရီကျော်ခန့် မောင်းနှင်လျှင် ရောက်ရှိလေသည်။

ကျွန်တော်တို့က ဂွမြို့သို့ တာဝန်ဖြင့် ရောက်ရှိခဲ့ပြီးနောက် အလုပ်တာဝန်များပြီးဆုံးသည်နှင့် ကမ်းသာယာကမ်းခြေသို့ အချိန်လုကာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဂွမြို့တွင်ရှိနေစဉ် ဂွမြို့မှ ငါးကီလိုမီတာခန့်အကွာတွင်ရှိသော ဂွကျွန်းသို့ စက်လှေဖြင့် လိုက်ပို့မည်ဟု ဆိုသော်လည်း မသွားဖြစ်ခဲ့။ ငါးဖမ်းရေယာဉ်ငယ်များဖြင့် အကြုံလိုက်နိုင်သော်လည်း ရာသီဥတုအခြေအနေ၊ အချိန်လည်းမရသဖြင့် သွားချင်သော်လည်း အထမမြောက်ခဲ့၊ ဂွကျွန်းတွင် ရေလုပ်သားတို့၏ လူမှုဘဝများ၊ ငါးဖမ်းမှုများ၊ ပင်လယ်စာလတ်လတ်ဆတ်ဆတ်များ စားသောက်နိုင်သော်လည်း စိတ်ကူးဖြင့်သာ ရောက်ခဲ့တော့သည်။

နံနက်ခင်းနေရောင်ခြည်က ကမ်းသာယာကမ်းခြေပေါ် နွေးထွေးစွာ ကျဆင်းနေသည်။ မြင်မြင်သမျှ သဘာဝပတ်ဝန်းကျင်တွင် ပြုပြင်ထားမှု အလျဉ်းမတွေ့ရ၊ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ပြင်မြင်ကွင်းတို့ကြောင့် တိတ်ဆိတ်အေးချမ်းမှု အတိဖြစ်ကာ ရင်ထဲသို့ ထိရှစွာခံစားရသည်။ သာယာခြင်း၊ ငြိမ်းချမ်းခြင်းတို့က စိတ်ပင်ပန်းမှု၊ စိတ်ဖိစီးမှုများကို လွင့်စဉ်ပပျောက်စေခဲ့ပြီ။

“စခန်းဘက်သွားရအောင်”ဟု ဦးစောသာလှက ခေါ်သဖြင့် လိုက်ခဲ့သည်။ မကြာခင် ကမ္ဗည်းရေးထိုးထားသော ကျောက်စာ တိုင်တစ်ခုကိုတွေ့ရသည်။ “ကမ်းသာယာအပန်းဖြေစခန်း” ဟူသော ကျောက်ပြားပေါ်ရေးသားထားသော စာတန်းကိုဖတ်မိသည်။ အပေါ်ဘက်တွင် မြန်မာလိုရေးသားပြီး အောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည်။ ကမ္ဗည်းကျောက်စာတိုင်အပေါ်ပိုင်းကျောက်ပြားချပ်ပေါ်တွင် လင်းပိုင်နှစ်ကောင်ကို ခေါင်းချင်းဆိုင်ထိတွေ့ကာ ထောင်ထားသည့် ရုပ်တုသင်္ကေတပြုလုပ်ထားသည်ကို တွေ့ရသည်။ ၁၉၉၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော အပန်းဖြေစခန်း။

ကမ္ဗည်းကျောက်စာတိုင်ဘေး မလှမ်းမကမ်းတွင် အဆောက်အအုံငယ်အချို့တွေ့ရသည်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်း ဒဏ်ခံခဲ့ရပြီး ပျက်စီးခဲ့သော အဆောက်အအုံများဖြစ်သည်။ ကမ်းသာယာကမ်းခြေဘက် ပြန်ဆင်းခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို လှမ်းကြည့်လေ့လာမိသည်။ ရေပြင်ပေါ်တွင် တံငါလှေအချို့ကို မြင်တွေ့ရပြီး ခုတ်မောင်းသွားလာနေသော ရေယာဉ်အချို့ကို မှုန်ပျပျ လှမ်းမြင်ရသည်။ မြန်မာ့ပင်လယ်ကမ်းခြေတိုင်းတွင် ရေလုပ်သား၊ ငါးဖမ်းလှေနှင့် ရေယာဉ်တို့က မိတ်ဖက်အလား တွေ့ရသည်ချည်းပင်ဖြစ်သည်။

ကမ်းသာယာကမ်းခြေမှ ပင်လယ်ပြင်အတွင်း မိုင်ဝက်ခန့်အကွာတွင် ကျွန်းငယ်တစ်ကျွန်းကို လှမ်းမြင်ရသဖြင့် မေးကြည့်ရာ ဘီအင်းကျွန်းဖြစ်ကြောင်း သိရသည်။ ဘီအင်းကျွန်းသည် ကျွန်းငယ်ဖြစ်သော်လည်း ရေလုပ်သားများနေထိုင်ရာ တံငါရွာလည်း တည်ရှိသည်။ ငါးရှာ၊ ငါးဖမ်းခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ရာ နေ့စဉ်ပင်လယ်တွင်း၌ ငါးဖမ်းခြင်းအလုပ်ကို လုပ်ကိုင်ကြကြောင်း၊ ပင်လယ်စာများ ဈေးပေါပေါနှင့် လတ်လတ်ဆတ်ဆတ်စားနိုင်ကြောင်း သိရသဖြင့် သွားချင်စိတ်ဖြစ်ပေါ်လာသည်။ ကမ်းခြေတစ်လျှောက် လှေရှာသော်လည်း လိုက်ပို့မည့် လှေမရသဖြင့် မသွားဖြစ်ခဲ့။

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကို ရှူရှိုက်ရင်း အုန်းပင်တန်းဘက် ထွက်လာခဲ့သည်။ စီတန်းစွာပေါက်ရောက်နေသော အုန်းပင်များကြောင့် ကမ်းခြေ၏အလှက ပိုပြီးပြည့်စုံနေခြင်း ဖြစ်သည်။ ပင်လယ်လေတိုးမှုကြောင့် အုန်းလက်များတစ်ခုနှင့်တစ်ခု ပွတ်တိုက်သံများက အုန်းပင်များဆီ မရောက်မီကပင် ကြားနေရသည်။ အုန်းပင်အောက်ရောက်ပြီး အရိပ်ကောင်းကောင်းတစ်နေရာ၌ထိုင်ကာ အမောဖြေနေမိသည်။ မလှမ်းမကမ်းမှ လူငယ်တစ်ဦးက အုန်းရေသောက်ပါဦးဟုပေးရာ အုန်းသီးတစ်လုံးကို ထိပ်ပိုင်းအဝလှပ်ထားပြီးသား လှမ်းပေးသဖြင့် ယူပြီးမော့သောက်လိုက်ရာ ချိုပြီးသင်းပျံ့သော အုန်းရည်ကြောင့် ချက်ချင်းအမောပြေသွားသည်။ အပင်မှချက်ချင်းခူး၊ ချက်ချင်းသောက်ရသော အုန်းရည်၏အရသာကား ထူးခြားလှသည်ဟု ခံစားမိသည်။

ကမ်းသာယာကမ်းခြေသို့ ရွှေ့ပြောင်းငှက်များ နှစ်စဉ်နှစ်တိုင်း လာရောက်နားခိုကြကြောင်း၊ အထူးသဖြင့် နိုဝင်ဘာလကုန်မှ ဇန်နဝါရီလအထိ အများဆုံးလာရောက်လေ့ရှိကြောင်း သိရသည်။ ငှက်ကြည့်ဝါသနာရှင်များအတွက် ကမ်းသာယာကမ်းခြေတွင် အပန်းလည်းဖြေရင်း ငှက်များနေထိုင်မှုဘဝကို လေ့လာနိုင်သည့် အခွင့်အရေးလည်း ရရှိစေမည်ဖြစ်သည်။ *စာမျက်နှာ ၁၇ သို့*



ဂွကျွန်းအလှ ပသာဒ။

*စာမျက်နှာ ၁၆ မှ*

အုန်းပင်များနှင့်အတူ ရောနှောကာပေါက်ရောက်နေသော သစ်ပင်များကလည်း အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်။ ပင်လယ်လေဒဏ်နှင့် ဒီရေတက်ခြင်းတို့မှာ သဘာဝအလျောက် ခံတပ်များသဖွယ်ဖြစ်နေသော အပင်များဖြစ်သည်။ ဒေသခံများက အကြောင်းအမျိုးမျိုးပြပြီး အကိုင်းချိုင်ခြင်း၊ ခုတ်လှဲခြင်းမပြုရန် လိုအပ်ပေသည်။ သစ်ပင်မြင့်ထက်မှ ကြက်တူရွေးတစ်ကောင်စ၊ နှစ်ကောင်စတွေ့ရသလို ဦးခေါင်းစိမ်းညိုရောင်နှင့် ကိုယ်ထည်အဖြူရောင်ငှက်အချို့လည်းတွေ့ရသဖြင့် ဒေသရင်းငှက်မျိုးစိတ်တစ်မျိုးဖြစ်မည်ဟု တွေးမိသည်။

ကမ်းခြေမြောက်ဘက်၌ ဆတ်သွားရွာရှိသည်ဟု ဦးစောသာလှက ပြောသည်။ ဆတ်သွားရွာမှာ ကမ်းသာယာကမ်းခြေမှမြောက်ဘက်ငါးမိုင်ခန့်အကွာတွင်ရှိသည်။ ရွာဈေးရှိပြီး ရခိုင်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြောင်း သိရသည်။ ကမ်းသာယာကမ်းခြေမှ ဆိုင်ကယ်ငှားပြီးသွားလျှင်ရကြောင်း၊ အိမ်တွင်းလက်မှုပြုလုပ်သူ အချို့ရှိကြောင်းလည်းပြောပြသည်။ ဆိုင်ကယ်ငှားရန် အနီးအနားတွင် အဆင်မပြေသဖြင့် မရောက်ခဲ့တော့။

အုန်းလက်များကို လေတိုးသံ၊ ကမ်းခြေကိုရေလှိုင်းတို့ ရိုက်ပုတ်သံများအပ တိတ်ဆိတ်ငြိမ်းချမ်းလှသည်။ ခပ်လှမ်းလှမ်းကမ်းစပ်သို့ လှေငယ်တစ်စင်းဆိုက်ကပ်လာသည်ကို တွေ့ရသည်။ တံငါသည်တစ်ဦး တောင်းတစ်တောင်းထမ်းပြီး ဆင်းလာရာ ငါးများထည့်လာသည့်တောင်းဖြစ်မည်။ ကမ်းခြေတစ်လျှောက် တရွေ့ရွေ့ဖြင့် တောင်းထမ်းထွက်ခွာသွားသည်မှာတဖြည်းဖြည်းဝေးသွားသည်။ ကမ်းသာယာကမ်းခြေအနီးနေထိုင်သော ရွာငယ်များရှိ ဒေသခံ



များက တံငါလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးကြသူများဖြစ်ကြောင်း သိရသည်။

ကမ်းသာယာကမ်းခြေသို့ပြန်ဆင်းကာ သဲသောင်ပြင်တစ်လျှောက် လမ်းလျှောက်ဖြစ်ခဲ့ပြန်သည်။ လှိုင်းခေါင်းဖြူဖြူများက တလိမ့်လိမ့်တက်ကာ ကမ်းခြေသို့ ရိုက်ခတ်နေရာရေစပ်အထိ ဒူးခေါင်းမြုပ်အောင်ဆင်းကာ မတ်တတ်ရပ်လိုက်သည်။ အေးမြသောရေက နေအရှိန်ကြောင့်ခပ်နွေးနွေးဖြစ်နေသည်။ ပင်လယ်ရေကို စိမ်ပေးခြင်း၊ ရေချိုးခြင်းတို့က ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကောင်းမွန်သလို ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ဆားဓာတ်ပါသည့်လေက သွေးကြောလေကြောများကို ပွင့်စေသည်၊ သွေးတိုးကျဆင်းစေသည့်အပြင် နှလုံးရောဂါဖြစ်ပွားမှုကိုလျော့နည်းကျဆင်းစေသည် ဟုဆိုသည်။

ငါးမိနစ်ခန့်ရေစိမ်ပြီး ကမ်းစပ်သို့ ပြန်တက်ခဲ့သည်။ ကမ်းသာယာကမ်းခြေအတိုင်း ပြန်လျှောက်ခဲ့ရာ သဲသောင်ပြင်အချို့နေရာများတွင် အမှိုက်သရိုက်များရှိနေသဖြင့် ကမ်းခြေအလှနှင့်သန့်ရှင်းမှုကို ထိခိုက်မှုဖြစ်စေသည်က အမှန်။ ကမ်းခြေအလှနှင့်သန့်ရှင်းသာယာမှုကို ဒေသခံတို့ ဝိုင်းဝန်းထိန်းသိမ်းမှုရမည်ဖြစ်ရာ ဤဒေသ၏ သဘာဝလက်ဆောင်မွန်အဖြစ် အကျိုးစီးပွားဖြစ်ထွန်းရန် ဝိုင်းဝန်းဆောင်ရွက်မှုရမည်ဟု တွေးမိသည်။

ကမ်းသာယာကမ်းခြေသို့ လာရောက်အပန်းဖြေသူများအတွက် အနီးပတ်ဝန်းကျင်တွင် လေ့လာရေးခရီးစဉ်များကို သွားချင်လာအောင် ဝန်ဆောင်မှုကောင်းကောင်းဖြင့် ဖော်ဆောင်ပေးနိုင်လျှင် ခရီးသွားများစိတ်ဝင်စားကာ ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ဒေသထွက်ကုန်များ၊ လက်မှုလုပ်ငန်းများကို လေ့လာနိုင်အောင်လည်း စီစဉ်ပေးပါက ကမ်းသာယာကမ်းခြေသို့ အပန်းဖြေရုံသာမက ဒေသခံတိုင်းရင်းသားတို့၏ လူမှုဘဝနေထိုင်မှုများကိုလည်း တိုက်ရိုက်ထိတွေ့လေ့လာနိုင်သည့်အခွင့်အရေးလည်း ရရှိပေမည်။

ကမ်းသာယာကမ်းခြေမှ ဂွမြို့သို့ ပြန်ထွက်ခွာခဲ့သည်။ ပင်လယ်ရေပြာပြာ၊ သဲသောင်ပြင်ဖွေးဖွေး၊ အုန်းပင်တန်းစိမ်းစိမ်းတို့က တဖြည်းဖြည်းဝေးကာကျန်ရစ်ခဲ့ပြီ။ ။

**ပင်လယ်ရေကို စိမ်ပေးခြင်း၊ ရေချိုးခြင်းတို့က ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကောင်းမွန်သလို ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ဆားဓာတ်ပါသည့်လေက သွေးကြော လေကြောများကို ပွင့်စေသည်၊ သွေးတိုးကျဆင်းစေသည့်အပြင် နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေသည်ဟုဆို**





# မြန်မာစကား-မြန်မာစာအပြန်အလှန်ဆက်သွယ်မှု (၆)

မောင်ခင်မင်(ဓနုဖြူ)

"ဘာသာစကားတတ်ကျွမ်းမှုအတိုင်းအတာနဲ့ စာပေကိုနားလည်နိုင်မှု၊ အကဲဖြတ်နိုင်မှု အတိုင်းအတာဟာလည်း ဆက်သွယ်မှုရှိတယ်ကွဲ့"

"ရှင်းပြပါ ဆရာကြီး၊ သမီးတို့ သိပ်သဘောမပေါက်လို့ပါ"

"ဒီလိုပါ၊ စာဖတ်သူတစ်ယောက်ဟာ ဘာသာစကားကို ခြေခြေမြစ်မြစ် တတ်ကျွမ်းလေလေ၊ စာပေကို ပြည့်ပြည့်ဝဝ နက်နက်ရှိုင်းရှိုင်း နားလည်အကဲဖြတ်နိုင်လေလေလို့ ဆိုလိုတာပါကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ဆရာတစ်ခုမေးမယ်။ သားတို့၊ သမီးတို့ စတုဓမ္မသာရကိုးခန်းပျို့ သင်ရတယ်မဟုတ်လား"

"သင်ရပါတယ် ဆရာကြီး။ အင်းဝခေတ်စာဆိုရှင်မဟာရဋ္ဌသာရရဲ့အကောင်းဆုံး လက်ရာတစ်ခုလို့ ဆရာ ဆရာမတွေ သင်ကြားတာမှတ်သားရပါတယ်"

"အဲဒီ ကိုးခန်းပျို့ကို ပြည့်ပြည့်ဝဝနားလည်နိုင်ဖို့၊ နက်နက်ရှိုင်းရှိုင်း သဘောပေါက်နိုင်ဖို့ အဲဒီပျို့ကို ရေးထားတဲ့ အင်းဝခေတ်သုံး မြန်မာစကားကို အရင်တတ်ကျွမ်းဖို့ မလိုဘူးလားကွယ်"

"လိုပါတယ် ဆရာကြီး၊ သမီးတို့ကိုသင်တုန်းက ဆရာတွေက ပျို့မှာသုံးထားတဲ့ ပါဠိသက်စကားလုံးတွေ၊ ပေါရာဏစကားလုံးတွေ အဓိပ္ပာယ်သိအောင်ရှင်းပြပြီးမှ တစ်ပိုဒ်ချင်းရဲ့အဓိပ္ပာယ်ကို စကားအဆက်အစပ်နဲ့ရှင်းပြတာပါ"

"ဟုတ်တယ်။ ကဲ. . ကိုးခန်းပျို့စစချင်းတွေ့ရတဲ့'ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပ ဟုံးခုံး၊ ဖက်မဲ့ကြုံးသား' ဆိုတဲ့အပိုဒ်ကလေးကို အဓိပ္ပာယ်နားလည်ဖို့အတွက်တောင် သိထားရမယ့်စကားလုံးတွေ တော်တော်များနေပြီ"

"ဟုတ်ကဲ့ပါ"

"ဇာတိပုညဂုဏ်မာနဖြင့်ဆိုတာက ဘုရားရှင်ရဲ့ဆွေတော်၊ မျိုးတော်သာကီဝင်မင်းတွေရဲ့ မာန်သုံးမျိုးကို ဆိုလိုတာ မဟုတ်လား။ ဇာတိမာန်ဆိုတဲ့ အမျိုးဇာတိကိုအစွဲပြုပြီး ပေါ်ပေါက်တဲ့မာန်ရယ်၊ ပုညမာန်ဆိုတဲ့ ဘုန်းတန်ခိုးကို အစွဲပြုပြီး ပေါ်ပေါက်တဲ့မာန်ရယ်၊ ဂုဏမာန်ဆိုတဲ့ဂုဏ်ကိုအစွဲပြုပြီး ပေါ်ပေါက်တဲ့မာန်ရယ် အဲဒီမာန်သုံးမျိုးနဲ့ တက်ကြွပြီး ပြိုင်ဘက်ကင်းတဲ့ သာကီဝင်မင်းတွေအဖြစ် ကြုံးဝါးနေကြတာကို ဆိုလိုတာလေ။ အဲဒီမှာ'သံပ'ရယ် 'ဟုံးခုံး'ရယ် အဲဒီစကားလုံးနှစ်လုံးက 'ကြုံးဝါးသည်'လို့ အဓိပ္ပာယ်ရတဲ့ရှေးသုံးစကားလုံးတွေလေ။ ပေါရာဏလို့ခေါ်တာပေါ့။ ခုခေတ်မှာမသုံးတော့ဘူး။ အင်းဝခေတ်တုန်းကတော့ သုံးနေတုန်းပဲပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ဒီတော့ အဲဒီအပိုဒ်ကလေးကို ပြည့်ပြည့်ဝဝနားလည်နိုင်ဖို့အတွက် ခုပြောခဲ့တဲ့ ရှေးသုံးမြန်မာစကား အသုံးအနှုန်းတွေကို သေသေချာချာနားလည်ဖို့ လိုအပ်တယ်မဟုတ်လားကွယ်"

"လိုအပ်ပါတယ် ဆရာကြီး"

"ဆိုကြပါစို့။ မင်းတို့က ရှိတ်စပီးယားရဲ့ ပြဇာတ်တွေကို မူရင်းအတိုင်း နားလည်ချင်တယ်၊ အရသာခံချင်တယ်ဆိုရင် ဘာတွေကို တတ်ကျွမ်းထားဖို့ လိုမယ်ထင်သလဲကွယ်"

"ဟုတ်ကဲ့ပါ။ ရှိတ်စပီးယားတို့ခေတ်မှာ သုံးနေတဲ့ ရှေးအင်္ဂလိပ်စကားကို တတ်ကျွမ်းဖို့လိုမယ်ထင်ပါတယ်"

"မှန်တယ်။ ရှိတ်စပီးယားခေတ်က အင်္ဂလိပ်စကားက ခုခေတ်အင်္ဂလိပ်စကားနဲ့ မတူတော့ဘူးလေ။ ဒီတော့ သူ့ခေတ်က အင်္ဂလိပ်စကားအသုံးအနှုန်းတွေကို အရင်နားလည်အောင်လေ့လာရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"မြန်မာစာပေထဲက သာဓကတစ်ခုပြောဦးမယ်။ အင်းဝခေတ်က ရှင်မဟာသီလဝံသရေးတဲ့ 'ပါရာယနဝတ္ထု'မှာ အရှင်သာရိပုတ္တရာအကြောင်းပါတာ သားတို့၊ သမီးတို့ အသိပဲ။ အဲဒီထဲမှာ အရှင်သာရိပုတ္တရာဟာ သီတင်းသုံးဖော်တွေကို သဂြိုဟ်ခြင်းနှစ်ပါးနဲ့ သဂြိုဟ်တယ်လို့ ရေးထားတယ်ကွဲ့"

"ဟုတ်ကဲ့၊ သမီးတို့မှတ်မိပါတယ်"

"အေး. . . အဲဒီ 'သဂြိုဟ်' ဆိုတဲ့စကားကို ရှေးကသုံးတဲ့အဓိပ္ပာယ်နဲ့ ခုခေတ်သုံးတဲ့အဓိပ္ပာယ် မတူတာကို မသိရင် အရှင်သာရိပုတ္တရာဟာ သီတင်းသုံးဖော်တွေ ပျံလွန်တော်မူတဲ့အခါမှာလိုက်ပြီး သဂြိုဟ်တယ်လို့ အဓိပ္ပာယ်ကောက်မိမှာပဲလေ"

"ဟုတ်ပါတယ် ဆရာကြီး"

"တကယ်တော့ 'သဂြိုဟ်'ဆိုတာ 'သံဂြဟ' ဆိုတဲ့ သက္ကတစကားကို မွေးစားယူထားတာပါ။ ပါဠိစကား 'သင်္ဂဟ' နဲ့ အဓိပ္ပာယ်တူတယ်။ ချီးမြှောက်ခြင်း၊ ထောက်ပံ့ကူညီခြင်းလို့ အဓိပ္ပာယ်ရတယ်။ အဲဒီမှာ ဆိုလိုတာက အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဟာ သီတင်းသုံးဖော်တွေကို တရားဓမ္မနဲ့လည်း ထောက်ပံ့ကူညီတယ်။ ပစ္စည်းလေးပါးနဲ့လည်း ထောက်ပံ့ကူညီတယ်လို့ ဆိုလိုတာလေ"

"ဟုတ်ကဲ့ပါ။ မှတ်သားထားပါ့မယ် ဆရာကြီး"

"ဒီတော့ မြန်မာစာပေအရေးအဖွဲ့တွေကို နက်နက်ရှိုင်းရှိုင်း နားလည်ဖို့အတွက် မြန်မာဘာသာစကားကို ခြေခြေမြစ်မြစ် တတ်ကျွမ်းဖို့လိုအပ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးတစ်ယောက်ရေးဖူးတာ ပြောပြဦးမယ်။ အဲဒီဆရာကြီးက မြန်မာဘာသာစကားရော၊ မြန်မာစာပေရော နှံ့စပ်တဲ့ပညာရှင်ကြီးပါ။ အဲဒီဆရာကြီးက စာဆိုဦးကြင်ဥရဲ့ မုဆိုးဖွဲ့ညည်းချင်းတစ်ပုဒ်မှာ 'ဝနေစရာ၊ တောကိုလျှိုး၍၊ သားမျိုးကိုရှာတော့မည်'ဆိုတဲ့အပိုဒ်ကိုအဓိပ္ပာယ်ဖွင့်တယ်။ 'ဝနေစရာ'ဆိုတဲ့စကားကို ဆရာကြီးက 'ဝနေ-စရာ'လို့ ဖတ်မိပြီး 'တောစတင်တဲ့နေရာမှာ'လို့ အဓိပ္ပာယ်ဖွင့်မိတယ်-တဲ့။ ဝနေဆိုတာပါဠိစကား၊ 'တော'လို့ အဓိပ္ပာယ်ရတယ်လေ။ ဒီတော့ စတင်တဲ့ တောစပ်နေရာလို့ ယူဆတာပေါ့။ နောက်ပြန်ကြည့်တော့မှ 'ဝနေစရ' ဆိုတဲ့ စကားတစ်ခုလုံး ပါဠိစကားဖြစ်နေပြီး 'မုဆိုး'လို့ အဓိပ္ပာယ်ရတာ သတိပြုမိတယ်တဲ့။ 'ဝနေ'က 'တော'၊ 'စရ'က 'သွားသည်' ဆိုတော့ တောကိုသွားတဲ့ မုဆိုးကို 'ဝနေစရာ'လို့ ဦးကြင်ဥက ဖွဲ့ထားတာလေ။ ဆရာကြီးက အဲဒီတော့မှ 'ဝနေစရာ'ထဲက 'စရာ'ကို 'စတင်ရာ'လို့ အဓိပ္ပာယ်ဖွင့်မိတာ မှားသွားကြောင်း သတိပြုမိတယ်လို့ ဝန်ခံဖူးတယ်လေ"

"စိတ်ဝင်စားစရာကောင်းပါတယ် ဆရာကြီး"

"ခုဆရာပြောတာတွေက စာဖတ်သူတွေအနေနဲ့- အဓိပ္ပာယ်အကောက် အယူနဲ့ဆိုင်တဲ့အကြောင်းတွေပေါ့။ အဲ. . . စာရေးသူတွေဘက်ကကြည့်ရင်လည်း ဘာသာစကားကို ကျွမ်းကျင်နိုင်နင်းလေလေ စာအရေးအသား ပြောင်မြောက်လေလေဆိုတာ အထင်အရှားပါပဲကွယ်"

"မှတ်သားပါရစေ ဆရာကြီး"

"သားတို့၊ သမီးတို့သိပြီးသား သာဓကတွေပြောပါ့မယ်။ ခုနပြောတဲ့ ရှင်မဟာရဋ္ဌသာရဆိုပါတော့။ ဆရာတော်ဟာ မြန်မာစကားသိပ်နိုင်နင်းတာမို့ စကားလုံးကလေးတွေကို ပုံစံအဆင်အကွက် အမျိုးမျိုးဖွဲ့တဲ့ ရတုကဗျာကလေးတွေ ငယ်ငယ်ကတည်းက ရေးဖွဲ့ခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"လေးလုံးတစ်ပိုဒ်ရေးရတဲ့ ရတုကဗျာမှာ တစ်ပိုဒ်ကျော်ရှေ့ဆုံးစကားလုံးကို အတူတူထားပြီး ဖွဲ့တဲ့ပုံစံမျိုးပါတယ်။ သားတို့ သတိထားမိမှာပါ"

"ကျွန်တော်သိပါတယ်ဆရာကြီး။ 'ချစ်ခုံမက်၍၊ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်သား၊ ရဲအားပြောက်ခေါင်၊ ချစ်ဆွေမောင်လျှင်'ဆိုတဲ့အဖွဲ့မှာ 'ချစ်'ဆိုတဲ့ စကားတစ်လုံးတည်း တစ်ပိုဒ်ခြားထည့်ပြီး ပုံဖော်ထားပါတယ်"

"သြော်. . . သမီးလည်းသိပါတယ်ဆရာကြီး။ လေးလုံးတစ်ပိုဒ်ခြားဗျည်းသံတူတွေ လေးလုံးစီတွဲပြီးရေးတဲ့ ရတုရှိပါတယ်"

"ဟုတ်ပြီ။ ဆိုပြလေသမီး"

"မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍၊ ရွယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊ နတ်နှင့်နှုန်းနှုန်း'ဆိုတာမျိုး တစ်ပိုဒ်ခြား လေးသံစီ အတူတူဖွဲ့ပြီး အဆုံးသတ်မှာ 'လွမ်းလင့်လွန်လှည့်လေလိမ့်လော'ဆိုပြီး လအက္ခရာခုနစ်လုံးနဲ့ အဆုံးသတ်ထားတာပါ ဆရာကြီး"

*စာမျက်နှာ ၁၉ သို့*

## နိုင်ငံတကာရေးရာသတင်းဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)



# ပါကစ္စတန်အစွန်းရောက် စစ်သွေးကြွအဖွဲ့များ

ထွန်းတောက်

**ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံရမှု**

၂၀၁၄ ခုနှစ် အစောပိုင်း၌အာဖဂန်နစ္စတန် အနောက်ပိုင်း ဟာရတ်မြို့တွင် အိန္ဒိယကောင်စစ်ဝန်ရုံးကို သေနတ်သမားများက စီးနင်းတိုက်ခိုက်ခဲ့ရာ လုံခြုံရေးအစောင့်များက ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် သေနတ်သမားငါးဦးလုံး သေဆုံးသွားခဲ့သည်။

အိန္ဒိယကောင်စစ်ဝန်ရုံးကို တိုက်ခိုက်ခဲ့သူများမှာ ပါကစ္စတန် လက်ရှ်ကာ အီး တိုင်ဘာ အစွန်းရောက်စစ်သွေးကြွများဖြစ်သည်ဟု အာဖဂန်ထောက်လှမ်းရေးအဖွဲ့က စုံစမ်းသိရှိလာသည်။

အိန္ဒိယကောင်စစ်ဝန်ရုံးကို တိုက်ခိုက်နေစဉ် စစ်သွေးကြွများသည် ပါကစ္စတန်ထောက်လှမ်းရေး အရာရှိတစ်ဦးနှင့် ဖုန်းဖြင့်ဆက်သွယ် ပြောဆိုနေခဲ့သည်ကိုလည်း အမေရိကန်အမျိုးသား ထောက်လှမ်းရေးအေဂျင်စီက ကြားဖြတ်ဖမ်းယူမိခဲ့သည်။

Interservices Intelligence -ISI ဟုခေါ်သည့် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့သည် လက်ရှ်ကာအီးတိုင်ဘာအစွန်းရောက်အဖွဲ့ကို ထောက်ပံ့မွေးမြူထားသည်ဟု ထိုစဉ်က အမေရိကန်နိုင်ငံခြားရေးဌာနက ပြစ်တင်ရှုတ်ချခဲ့သည်။

လက်ရှ်ကာအီးတိုင်ဘာ (Let) အဖွဲ့သည် အိန္ဒိယသံတမန်များကို ဖမ်းဆီး၍ ဓားစာခံပြဿနာကို ဖန်တီးကာ ဝန်ကြီးချုပ်သစ် နာရင်ဒရာမိုဒီ၏ အစိုးရအဖွဲ့ကို ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ဖြင့် ကောင်စစ်ဝန်ရုံးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ISI ထောက်လှမ်းရေးအဖွဲ့သည် နောက်ကွယ်မှ ကြိုးကိုင်စီမံခဲ့ကြောင်း အမေရိကန်အမျိုးသားထောက်လှမ်းရေး အေဂျင်စီက စုံစမ်းဖော်ထုတ်သိရှိလာခဲ့သည်။

၂၀၀၈ခုနှစ်၌လည်း လက်ရှ်ကာ အီးတိုင်ဘာ အစွန်းရောက်အဖွဲ့မှ စစ်သွေးကြွများသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ကို အကြမ်းဖက်တိုက်ခိုက်၍ လူပေါင်း ၁၇၀ ကျော်ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ ထိုစဉ်ကလည်း ISI အဖွဲ့သည် ၎င်းတိုက်ခိုက်မှုတွင် နောက်ကွယ်မှ ထောက်ပံ့မှုပေးခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက စွပ်စွဲပြစ်တင်ခဲ့ပြီး ပါကစ္စတန်အစိုးရအနေဖြင့် အစွန်းရောက်အဖွဲ့များအား ထိရောက်စွာအရေးယူရန် တိုက်တွန်းပြောဆိုခဲ့သည်။

မွမ်ဘိုင်းတိုက်ခိုက်မှု၌လည်း ISI အဖွဲ့မှ ထောက်လှမ်းရေးအရာရှိတစ်ဦးနှင့် စစ်သွေးကြွခေါင်းဆောင်တို့ ရေဒီယိုဖြင့် ဆက်သွယ်ပြောဆိုနေခဲ့သည်ကို အမေရိကန်ထောက်လှမ်းရေးအေဂျင်စီက ကြားဖြတ်ဖမ်းယူသိရှိခဲ့သည်။

**ပါကစ္စတန် တာရစ် အီး တာလီဘန် အဖွဲ့**

ပါကစ္စတန်နိုင်ငံတွင် တက်ကြွလှုပ်ရှားနေသော အစွန်းရောက်အဖွဲ့များမှာ လက်ရှ်ကာအီးတိုင်ဘာ အဖွဲ့၊ ပါကစ္စတန် တာရစ်အီးတာလီဘန်အဖွဲ့၊ ဟတ်ကာနီ တာလီဘန်ကွန်ရက်အဖွဲ့ စသည်တို့ဖြစ်သည်။

လွန်ခဲ့သောနှစ်က ပါကစ္စတန်တပ်မတော်၏ စစ်ဌာနချုပ်ရုံးများတည်ရှိရာ ပတ်ရှ်ဝါမြို့တွင် တပ်တွင်းစာသင်ကျောင်းတစ်ခုကို သေနတ်သမားများက အကြမ်းဖက်တိုက်ခိုက်ကာ ဆရာ ဆရာမများနှင့်ကျောင်းသားအများအပြားပါဝင်သော လူပေါင်း ၁၄၁ ဦးကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ကြသည်။

၎င်းစစ်သွေးကြွများမှာ ပါကစ္စတန်တာရစ်အီးတာလီဘန်အဖွဲ့မှ အကြမ်းဖက်သမားဖြစ်သည့်အတွက် ထိုအချိန်မှစ၍ ပါကစ္စတန်အစိုးရသည် အကြမ်းဖက်အဖွဲ့များကို ပြင်းပြင်းထန်ထန် ချေမှုန်းတိုက်ခိုက်လာသည်။

အနောက်မြောက်ဘက်ရှိ ဝါဇီရစ္စတန်ပြည်နယ်တွင်ရှိသော တာရစ်အီးတာလီဘန်အဖွဲ့၏ ခြေကုပ်စခန်းများကို ပါကစ္စတန်တပ်မတော်က မြေပြင်ဝေဟင်ထိုးစစ်များဖြင့် ပြင်းထန်စွာတိုက်ခိုက်ခဲ့သည့်အပြင် ဆိုင်းငံ့သေဒဏ်ပေးထားသည့် အစွန်းရောက်ခေါင်းဆောင်များကိုလည်း ချက်ချင်းပင်ကွပ်မျက်သုတ်သင်ပစ်ခဲ့သည်။

ဝန်ကြီးချုပ် နာဝပ်ရှရစ်က ပါကစ္စတန်တာလီဘန်တို့သည် အပြစ်မဲ့ကျောင်းသားများနှင့် ပြည်သူများအပေါ်တွင် ရက်စက်စွာ သတ်ဖြတ်ကျူးလွန်မှုများမှာလည်း ခွင့်လွှတ်နိုင်ဖွယ်မရှိပါဟု ပြတ်ပြတ်သားသား သတိပေးပြောဆိုခဲ့သည်။

ပါကစ္စတန်တာရစ်အီးတာလီဘန် အစွန်းရောက်အဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုကို လုပ်ကြံသတ်ဖြတ်ခဲ့သူများဖြစ်ကာ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် အမျိုးသမီးများပညာသင်ကြားရေးတက်ကြွလှုပ်ရှားသူ မာလာလာယူဆွပ်ဖိုင်းကို ပစ်ခတ်လုပ်ကြံခဲ့သူများမှာလည်း ၎င်းတို့ပင်ဖြစ်သည်။

ထို့ပြင် ပါကစ္စတန်စစ်ဌာနချုပ်ကိုဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်နေသောအဖွဲ့မှာ တာရစ်အီးတာလီဘန်အဖွဲ့ပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏မဟာမိတ် ပါကစ္စတန်နိုင်ငံအား နှစ်စဉ်ပင်ကာကွယ်ရေးနှင့် စီးပွားရေး ထောက်ကူမှုအဖြစ် ဒေါ်လာသန်းချီ၍ ထောက်ပံ့ပေးလျက်ရှိသည်။

အိုစမာဘင်လာဒင်ဦးဆောင်သည့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့အား ပစ်မှတ်ထားသည့် ကမ္ဘာ့အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ပွဲတွင် ပါကစ္စတန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား ဆယ်စုနှစ်များစွာပင် ကူညီမှုပေးသည့် နိုင်ငံဖြစ်သည်။

တာရစ်အီးတာလီဘန်စစ်သွေးကြွများသည် မကြာခဏပင် နယ်စပ်ဖြတ်ကျော်ကာ အမေရိကန်နေတိုးတပ်ဖွဲ့များအား နှောင့်ယှက်တိုက်ခိုက်နေသည့်အတွက် အာဖဂန် ဂျာလာလာဘတ်မြို့တွင်ရှိသည့် လေတပ်စခန်းမှ အမေရိကန် စီအိုင်အေဒရုန်းများသည် နယ်စပ်ရှိ တာရစ်အီးတာလီဘန်စခန်းများကို ပစ်မှတ်ထား တိုက်ခိုက်မှုပြုလုပ်လျက်ရှိရာ ယနေ့အထိ တာလီဘန် စစ်သွေးကြွရာပေါင်းများစွာကို သတ်ဖြတ်နိုင်ခဲ့သည်။ တာရစ်အီးတာလီဘန်အဖွဲ့ခေါင်းဆောင် ဘိုင်တူလာမာဆွတ်နှင့် ဟက်ကီမူလာမာဆွတ်တို့မှာ ဒရုန်းများ၏တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည်။

လွန်ခဲ့သောနှစ်က အမေရိကန်အစိုးရ၏ ဖိအားပေးမှုကြောင့် ပါကစ္စတန်တပ်မတော်သည် မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် ဝေဟင်မြေပြင်ထိုးစစ်ကြီးများဆင်နွှဲကာ တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ခဲ့ရာ အများအပြားသေဆုံးခဲ့ပြီး စစ်သွေးကြွများစွာ အာဖဂန်နိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ကြသည်။

ထိုစစ်ဆင်ရေးကို တုံ့ပြန်လက်စားချေသည့်အနေဖြင့် တာရစ်အီးတာလီဘန်အဖွဲ့သည် ပတ်ရှ်ဝါမြို့ရှိ တပ်တွင်းစာသင်ကျောင်းကို စီးနင်းကာ ကျောင်းသားလူငယ်လေးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

**ကက်ရှ်မီးယားပြဿနာ**

နျူကလီးယားလက်နက်များကို အပြိုင်တပ်ဆင်နေကြသည့်ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ကက်ရှ်မီးယားနယ်စပ် အရေးအခင်းနှင့်ပတ်သက်၍ ဆယ်စုနှစ်များစွာကြာမျှ စစ်မက်တိုက်ခိုက်ခဲ့ကြပြီး ယနေ့တိုင်တိုက်ခိုက်နေကြဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံနှင့်ဆက်ဆံရေးမြှင့်တင်တည်ဆောက်ကာ စီးပွားရေးအကူအညီများပေးနေမှုကြောင့် အာဖဂန်တွင် အိန္ဒိယ၏ဩဇာလွှမ်းမိုးမှုမြင့်တက်နေသည်။

ပါကစ္စတန်သဘောထားတင်းမာသော နိုင်ငံရေးခေါင်းဆောင်များက အိန္ဒိယသည် ပါကစ္စတန်ကိုနှစ်ဖက်ညှပ်၍ တိုက်ခိုက်သည့် ဗျူဟာကိုအသုံးပြုနေသည်ဟု သံသယဝင်လျက်ရှိကြသည်။

ထို့ကြောင့်ပင် ISI ထောက်လှမ်းရေးအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၌ ရွှေ့ပြောင်းအခြေစိုက်ထားသည့် အာဖဂန်ဟတ်ကာနီ တာလီဘန်ကွန်ရက်အဖွဲ့ကို ကူညီထောက်ပံ့ပေးထားပြီး အာဖဂန်နိုင်ငံအတွင်းသို့ မကြာခဏစေလွှတ်ကာ အကြမ်းဖက်တိုက်ခိုက်မှုကိုပြုလုပ်စေခိုင်းခြင်းဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူတို့က ဆိုသည်။

ထို့ပြင် ISI အဖွဲ့သည် လက်ရှ်ကာအီးတိုင်ဘာ အစွန်းရောက်အဖွဲ့နှင့် ကက်ရှ်မီးယားအစ္စလာမ် စစ်သွေးကြွအဖွဲ့များကို အိန္ဒိယနိုင်ငံအတွင်းသို့ လျှို့ဝှက်စေလွှတ်ကာ နှောင့်ယှက်တိုက်ခိုက်မှုများကို ပြုလုပ်စေခိုင်းနေခြင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံမှခွဲထွက်**

အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်တွင် သီးခြား နိုင်ငံခွဲထွက်တည်ထောင်ခဲ့သည့် ပါကစ္စတန်သည်၎င်းထက် စစ်ရေး၊ စီးပွားရေးနှင့်လူဦးရေအင်အားများပြားသာလွန်သည့် အိန္ဒိယနိုင်ငံကို ရင်ဆိုင်တိုက်ခိုက်ရန်မှာ ပါကစ္စတန်တပ်မတော်နှင့်သာ မလုံလောက်ဘဲ အရန်တပ်ဖွဲ့များလိုအပ်သည်ဟု ပေါ်လစီတစ်ရပ်ချမှတ်ထားခဲ့သည်။

ထို့ကြောင့်ပင် လွန်ခဲ့သည့်ဆယ်စုနှစ်များစွာက အိန္ဒိယနှင့်ပါကစ္စတန်တို့အကြား စစ်ပွဲကြီးလေးပွဲဖြစ်ပွားခဲ့ရာတွင် ပါကစ္စတန် တပ်မတော်နှင့်အတူ စစ်သွေးကြွများသည် အဓိကအခန်းမှပါဝင်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၉၀ ပြည့်နှစ်များတွင် ပါကစ္စတန်စစ်သွေးကြွများသည် ကက်ရှ်မီးယား ဟိမဝန္တာတောင်တန်းတွင် နယ်စပ်လိုင်းကိုကျော်ဖြတ်၍ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ကာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များကို စစ်ရေးထောက်ကူမှုပေးခဲ့ကြသည်။

၂၀၀၁ ခုနှစ်၌ အမေရိကန်တပ်ဖွဲ့များက အိုစမာဘင်လာဒင်ကို ဖမ်းဆီးရန်အတွက် အာဖဂန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး မူလာအိုမာဦးဆောင်သည့် အာဖဂန်တာလီဘန်များသည် ပါကစ္စတန်နိုင်ငံအတွင်းသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။

ISI ထောက်လှမ်းရေးအဖွဲ့သည် အာဖဂန်တာလီဘန်အဖွဲ့အမျိုးမျိုးကို စည်းရုံးသိမ်းသွင်း၍ အာဖဂန်တွင် ပါကစ္စတန် ဩဇာလွှမ်းမိုးရန်နှင့် အိန္ဒိယ၏လွှမ်းမိုးမှုကို ကန့်သတ်နိုင်ရန်အတွက် လှုပ်ရှားအသုံးချခဲ့ကြသည်။

ISI ထောက်လှမ်းရေးအဖွဲ့သည် ပါကစ္စတန်တာလီဘန် အဖွဲ့များကို နှိပ်ကွပ်ထားပြီး အယ်လ်ခိုင်ဒါစစ်သွေးကြွများကို ဖမ်းဆီးကာ အမေရိကန်အစိုးရထံသို့ လွှဲပြောင်းပြီးဆုငွေများထုတ်ယူခဲ့ကြသည်ဟု လေ့လာသူများကဆိုသည်။

ISI အဖွဲ့သည် အာဖဂန်တာလီဘန်များနှင့် လက်ရှ်ကာအီးတိုင်ဘာအဖွဲ့ကို ပူးတွဲ၍ အာဖဂန်နိုင်ငံတွင်းသို့ စေလွှတ်တိုက်ခိုက်စေခဲ့သည်။ အမေရိကန်နိုင်ငံက ထောက်ပံ့ပေးထားသော ငွေကြေးများကို အသုံးချကာ ISI အဖွဲ့သည် စစ်သွေးကြွများကို အာဖဂန်သို့စေလွှတ်၍အမေရိကန်နေတိုးတပ်ဖွဲ့များကိုတိုက်ခိုက်စေခိုင်းနေကြောင်း ထိုစဉ်ကသတင်းများထွက်ပေါ်နေမှုကြောင့် အမေရိကန်ပြည်သူတို့မှာ အံ့ဩတုန်လှုပ်ခဲ့ရသည်။

အမေရိကန်ပြည်သူများသည် ၎င်းတို့ပေးဆောင်ထားသော အခွန်ငွေများဖြင့် အမေရိကန်အစိုးရက ပါကစ္စတန်အစိုးရအား ထောက်ပံ့ကူညီပေးလျက်ရှိရာ ၎င်းငွေများကိုအသုံးပြု၍ ISI အဖွဲ့က အမေရိကန်တပ်မတော်သားများကို ပြန်လည်တိုက်ခိုက်နေခြင်းမှာ သားရေပေါ် အိပ်သားရေနားစား ဥပမာနှင့်တူနေသည့်အတွက်အံ့ဩတုန်လှုပ်ကြခြင်းဖြစ်သည်။

ထိုစဉ်ကနိုင်ငံခြားဝန်ကြီး ဟီလာရီကလင်တန်က မြွေပွေးခါးပိုက်ဆောင်ထားသူများကို မြွေပွေးပြန်ကိုက်လိမ့်မည်ဟု ပါကစ္စတန်ခေါင်းဆောင်များကိုသတိပေးခဲ့သည်။

မစ္စကလင်တန်၏ သတိပေးချက်သည် ယနေ့အချိန်၌ သွေးထွက်အောင် မှန်ကန်နေပေပြီ။

> ပါကစ္စတန် သဘောထားတင်းမာသော နိုင်ငံရေးခေါင်းဆောင်များက အိန္ဒိယသည် ပါကစ္စတန်ကို နှစ်ဖက်ညှပ်၍ တိုက်ခိုက်သည့် ဗျူဟာကို အသုံးပြုနေသည်ဟု သံသယဝင်လျက်ရှိ

မြန်မာ့ရိုးရာအားကစား

မြန်မာနိုင်ငံအထက်ပိုင်း ရိုးရာလက်ဝှေ့လောကတွင် တစ်ခေတ်တစ်ချိန်က စွမ်းကေကေကလပ်ရယ်လို့ နာမည်ရခဲ့သည့် တစ်ကျော့ပြန် အသစ်တစ်ဖန် ရိုးရာလက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာသည့် စွမ်းကေကေကလပ်သည် မျိုးဆက်သစ်များကို အရှိန်အဟုန်ဖြင့် မွေးထုတ်ပေးနေပြီး မြန်မာနိုင်ငံချန်ပီယံ ပထမတန်း လက်ဝှေ့ကျော်များကိုပင် အချိန်ယူမွေးမြူသွားရန် ပြင်ဆင်နေပြီဖြစ်သည်။

# ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်လာပြီး အထက်မြန်မာပြည်က မျိုးဆက်သစ်များကို မွေးထုတ်ပေးနေသည့် စွမ်းကေကေ

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးမခ**

စွမ်းကေကေကလပ်ကို တစ်ချိန်က ရိုးရာလက်ဝှေ့လောကတွင် စနေမောင်မောင်ရယ်လို့ နာမည်ရခဲ့သည့် ဦးမောင်မောင်က နည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိသည်။ဦးမောင်မောင်သည် ဘောက်စင် လက်ဝှေ့လောကသားတစ်ဦးဖြစ်ခဲ့ပြီး ၁၉၆၆ ခုနှစ်မှစတင်၍ အခြေအနေအမျိုးမျိုးတို့နှင့် ဝါသနာတို့ကြောင့် ရိုးရာလက်ဝှေ့ လောကထဲသို့ ဝင်လာကာ မောင်မောင်၊ ကျောက်ခဲ၊ ရွှေတစ်ဆုပ်နှင့် စနေမောင်မောင် စသည့်အမည်များဖြင့် ရိုးရာ လက်ဝှေ့သမားဘဝတွင် နိုင်ငံတစ်ဝန်း နေရာဒေသမရွေး လှည့်လည်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

"ကျွန်တော် အခု စွမ်းကေကေ ကလပ်ကို ၂၀၀၈ ခုနှစ်လောက်မှ ပြန်လည်ဖွဲ့စည်းခဲ့တာပါ။ စွမ်းကေကေကလပ်နာမည်ကလည်း ကလပ်တည်ထောင်သူ ဦးသောင်းရွှေက ပေးခဲ့တာ။ အခုတော့ အထက် မြန်မာပြည်မှာ စွမ်းကေကေ ကလပ်ရယ်လို့ အထိုက်အလျောက် အောင်မြင်မှုရနေပါပြီ။ ကျွန်တော်တို့ ကလပ်အနေနဲ့လည်း ဒီရိုးရာလက်ဝှေ့ကို ဝါသနာပါတဲ့ မျိုးဆက်သစ်လူငယ်တိုင်း ကို မွေးထုတ်ပေးလျက်ရှိသလို အခမဲ့သင်တန်းတွေကိုလည်း အချိန်အခါနဲ့ညီ အဆက်မပြတ် သင်ကြားပေးနေပါတယ်။ ကျွန်တော် အသက်တမျှ ရှိသမျှပတ်လုံး စွမ်းကေကေနဲ့ လက်တွဲပြီး မြန်မာပြည် ချန်ပီယံအမြောက်အမြား ပေါ်ထွန်းလာဖို့အထိ ကြိုးစား ရည်ရွယ် လုပ်ဆောင်သွားမှာပါ" ဟု စွမ်းကေကေကလပ်မှ နည်းပြချုပ် ဦးမောင်မောင်(ခ) စနေမောင်မောင်က ပြောသည်။

စနေမောင်မောင်သည် လက်ဝှေ့လောကမှ ၁၉၇၃ ခုနှစ်တွင် အနားယူခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရဲမာန်ဆိုသည့် ရိုးရာလက်ဝှေ့ကလပ်ကို စတင်တည်ထောင်၍ နည်းပြအဖြစ် တစ်ကျော့ပြန်ဝင် ရောက်လာသူဖြစ်ပြီး မဟာဧကရာဇ်နှင့် မဟာအောင်မြေ ရိုးရာလက်ဝှေ့ကလပ်တို့ကို တည်ထောင်ကာ နာမည်ကြီး မန္တလေး လက်ဝှေ့ကျော်များဖြစ်သည့် အောင်အောင်ထွန်း၊ ကြယ်တစ်ပွင့်၊ ညီညီဇော်၊ အောင်နွေးဦး၊ ဂျပန်ကြီး စသည့်လက်ဝှေ့ကျော်တို့ကို မွေးထုတ်ပေးခဲ့သူဖြစ်သည်။ ယခုအခါ အထက်မြန်မာပြည် မျိုးဆက်သစ် ရိုးရာလက်ဝှေ့လူငယ်များကို ၂၀၀၇ ခုနှစ်မှစတင်ကာ စွမ်းကေကေ ကလပ်ကို တစ်ကျော့ပြန်တည်ထောင်ခဲ့ပြီး ကလပ်ပိုင်ရှင် ဦးသောင်းရွှေ၊ နာယက ဦးစိုးမင်းတို့နှင့် လက်တွဲကာ နည်းပြချုပ်အဖြစ် တာဝန်ယူလျက်ရှိသည်။ ယခု စွမ်းကေကေကလပ်နှင့်အတူ လက်ဝှေ့နယ်ပယ်တွင် နာမည်ရနေသည့် လက်ဝှေ့ကျော် နေနေ၊ ဗိုလ်စိုးအောင်၊ ဇော်ချစ်အောင်နှင့် မျိုးဆက်သစ်လူငယ်များဖြစ်သည့် သူရလိပ်၊ စွမ်းထက်နိုင်၊ ဖိုးခွားတို့ကို မြန်မာပြည် ချန်ပီယံများဖြစ်သည်အထိ မျှော်မှန်း လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စွမ်းကေကေကလပ်တွင် ယခုလက်ရှိ ရိုးရာလက်ဝှေ့ ကစားသမား ၂၀ ဝန်းကျင်ရှိနေပြီး မျိုးဆက်သစ် ဝိတ်တန်းငယ်မှစ တတိယတန်းအဆင့်ထိ လေ့ကျင့်ပေးထားကာ လေ့ကျင့်ချိန်ကိုလည်း နံနက် ၆ နာရီမှ ၈ နာရီတစ်ချိန်နှင့် ညနေတွင်လည်း ညနေ ၄ နာရီမှ ၇ နာရီအထိ နည်းစနစ်ပိုင်း၊ သက်လုံပိုင်း၊ ပညာရပ်ပိုင်းဆိုင်ရာများကို ကဏ္ဍခွဲခြားထားကာ နေ့စဉ်ရက်ဆက် စဉ်ဆက်မပြတ် လေ့ကျင့်ပေးလျက်ရှိသည်။

"ကျွန်တော် အခုချိန်ထိ ရိုးရာလက်ဝှေ့ပွဲပေါင်း ၃၀ ထိုးသတ်ထားပါတယ်။ လက်ဝှေ့သမားဘဝမှာ အောင်မြင်မှုရသည်အထိ ကျွန်တော်ကြိုးစားနိုင်သမျှ ကြိုးစားသွားမှာပါ။ ဒီရိုးရာလက်ဝှေ့ကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာပါ။ အခု စွမ်းကေကေကလပ်မှာ လေ့ကျင့်နေထိုင်ရတာ အဆင်ပြေပါတယ်။ ပျော်လည်းပျော်ပါတယ်။ ကျွန်တော်တို့ လက်ဝှေ့သမား အရည်အချင်းတိုးတက်နေဖို့ဆိုတာ ပွဲစဉ်မပြတ် ထိုးနေဖို့ပါပဲ။ ဒါကလည်း ကလပ်ရဲ့ နည်းပြချုပ်တွေပေါ်မှာ အများကြီးမူတည်နေပါတယ်။ နည်းပြက ပွဲစီစဉ်ပေးမှ ကျွန်တော်တို့က ထိုးရတာဖြစ်ပါတယ်"ဟု စွမ်းကေကေကလပ်မှ တတိယတန်း အဆင့်ရှိ လက်ဝှေ့ကျော် နေနေက ဆိုသည်။

နေနေသည် ယခုလက်ရှိတွင် ပွဲစဉ်ပေါင်း ၃၀ ထိုးသတ်ထားရာ၌ နိုင်ပွဲ ၂၁ ပွဲ၊ သရေငါးပွဲနှင့် ရှုံးပွဲလေးပွဲထိုးသတ်ထားသူဖြစ်ပြီး မြန်မာပြည်ရိုးရာလက်ဝှေ့လောကတွင် တတိယတန်းအဆင့်ရှိကာ ဝိတ်တန်းအနေဖြင့် ၆၃ ဒသမ ၅ ကီလိုရှိပြီး အသက် ၂၀ ရှိသူ လူငယ်တစ်ဦးဖြစ်သည်။ အလားတူ ၄င်းနှင့်ဝိတ်တန်းတူသည့် စွမ်းကေကေကလပ်မှ ဗိုလ်စိုးအောင်သည်လည်း အသက် ၁၉ နှစ်ရှိပြီး ပွဲပေါင်း ၂၈ ပွဲ ယှဉ်ပြိုင်ထိုးသတ် ကစားထားရာတွင် နိုင်ပွဲ ၁၈ ပွဲ၊ သရေပွဲကိုးပွဲနှင့် ရှုံးပွဲတစ်ပွဲသာရှိသေးသူဖြစ်သည်။

"ကျွန်တော် အခုလာမယ့် ဒီဇင်ဘာလထဲမှာ ထိုင်းက မွေထိုင်းလက်ဝှေ့သမားနဲ့ ထိုးရမှာဖြစ်ပါတယ်။ အခု ကတည်းက အချိန်ယူ လေ့ကျင့်နေပါတယ်။ အနည်းဆုံး သရေနဲ့ အနိုင်ရမယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော့်ရဲ့ ဒီရိုးရာလက်ဝှေ့အပေါ် မျှော်မှန်းထားတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာပြည် ချန်ပီယံဖြစ်အောင်အထိ အတတ်နိုင်ဆုံး ကြိုးစားယှဉ်ပြိုင် ထိုးသတ်သွားမှာပါ။ ရိုးရာ လက်ဝှေ့သမားကောင်းတစ်ယောက်ဖြစ်ဖို့ ဆိုတာ သတ္တိရယ်၊ ဇွဲရယ်က အဓိကကျပြီး ပညာ၊ သမ္မာနဲ့ မာဂုဏ်ကလည်း အရေးကြီးတယ်လို့ ထင်ပါတယ်" ဟု စွမ်းကေကေကလပ်မှ လက်ဝှေ့ကျော် ဗိုလ်စိုးအောင်ကဆိုသည်။



စွမ်းကေကေကလပ်အဖွဲ့သားများ။

အထက်မြန်မာပြည် မန္တလေးမြို့တွင် ရိုးရာလက်ဝှေ့ကလပ်ရယ်လို့ တစ်ရှိန်ထိုးနာမည်ရလာသည့် စွမ်းကေကေ ရိုးရာလက်ဝှေ့ကလပ်သည် ယခုအခါ ၃၈ လမ်း၊ မဟာအောင်မြေမြို့နယ် ပွတ်တန်းရပ်ကွက်တွင် တည်ရှိပြီး ယခုနှစ်အတွင်းမှာပင် ပြည်တွင်း၊ ပြည်ပ ပွဲပေါင်းလေးပွဲ ဦးစီးစီစဉ် ကျင်းပပေးနိုင်ခဲ့ကာ ယခုလာမည့် ဒီဇင်ဘာ ၁၁ ရက်တွင်လည်း မြန်မာ-ထိုင်း၊ မက္ကဆီကို သုံးပွင့်ဆိုင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဦးဆောင်စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၇ မှ

"ဟုတ်ပါတယ်။ စကားလုံးတွေကို ပုလဲတစ်လုံးရွဲတစ်လုံးစီထားသလို လှလှပပ အကွက်ဖော်ထားတာလေ"

"ဆရာကြီး အဓိပ္ပာယ်လည်းရှိတဲ့ စကားသံတူတွေခုလို စုစည်းဖို့ဆိုတာက မြန်မာစကားနိုင်နင်းမှုဖြစ်မှာပေါ့နော်"

"ဟုတ်တာပေါ့ကွယ်။ ရှင်မဟာရဋ္ဌသာရ သက်တော် ၆၁ နှစ်မှာရေးတဲ့ သံဝရပျို့မှာတော့ ပိုပြီးလေးနက်တဲ့ ပုံစံနဲ့ အဆင်အကွက်ဖော်ထားတယ်ကွဲ့"

"ပြောပြပါ ဆရာကြီး"

"သံဝရမင်းသားကလေးက သူ့တိုင်းပြည်သာယာဝပြောအောင်ဆောင်ရွက်နေကြောင်း သူ့နောင်တော်တွေကိုရှင်းပြတဲ့ အပိုဒ်တွေမှာ သာယာဝပြောတဲ့ အဓိပ္ပာယ်ကိုဖော်တဲ့အနေနဲ့ အဆုံးပိုဒ်တွေကို ဝဆွဲအက္ခရာတွေနဲ့ချည်း ဆယ့်တစ်ပိုဒ်တောင် ဖွဲ့ပြထားတယ်ကွဲ့"

"ဩော်. . . ဟုတ်ကဲ့ပါ။ ဘယ်လိုဖွဲ့တာပါလဲ ဆရာကြီး"

"နေဦး၊ တိတိကျကျ မှတ်ရအောင် ဆရာ သံဝရပျို့ ယူလိုက်ဦးမယ်။ အပိုဒ် ၁၅၄ ကနေ ၁၆၄ အထိ ဆယ့်တစ်ပိုဒ်မှာ အဆုံးသတ်ထားပုံတွေကြည့်။ ပထမဆုံး 'ပေးစမငြီးငွေ့သတည်း'လို့ 'ငွေ့'ဆိုတဲ့ ဝဆွဲအက္ခရာနဲ့ အဆုံးသတ်ပြီး ကျန်တဲ့အပိုဒ်တွေမှာ 'ရမ်းလွေ့၊ သိမ်မွေ့၊ ကောက်ကွေ့၊ ခုန်ဆွေ့၊ ပန်းနှယ်သွေ့၊ မျဉ်းခွေ့၊ မရွေ့၊ မတွေ့၊ ရှဥ့်နှယ်စွေ့၊ လက်ပွေ့' ဆိုပြီး ဝဆွဲအက္ခရာ ဆယ့်တစ်လုံးနဲ့ရေးတာလေ။ နောက်တော့ ပြန်ဖတ်ကြည့်ပေါ့"

"ဟုတ်ကဲ့ပါ"

"ဆရာတော်က မှာထားသေးတယ်။ တိုင်းပြည်သာယာဝပြောစေဖို့ ရည်ရွယ်ပြီး ဝဆွဲအက္ခရာ ဆယ့်တစ်လုံးနဲ့ အဆုံးသတ်ထားပါတယ်တဲ့။ ယပင့်၊ ရရစ်၊ ဟထိုးတွေ မပါတဲ့ ဝဆွဲသက်သက် ဒီဆယ့်တစ်လုံးပဲ မြန်မာစကားမှာရှိပါတယ်. . တဲ့"

"ဆရာတော်ကြီးက မြန်မာစကားနိုင်နင်းလိုက်တာနော်"

"ဟုတ်တယ်။ ဒါကြောင့် အရေအတွက်နဲ့ တိတိကျကျပြောနိုင်တာပေါ့။ ပြီးတော့ စဉ်းစားကြည့်လေ။ 'ဝ'ဆိုတာ အသံထွက်ရင်လည်း နှုတ်ခမ်းကို ပြည့်ပြည့်ဝဝဝိုင်းပြီး ဆိုရတယ်မဟုတ်လား။ ရေးရင်လည်း ဝိုင်းဝိုင်းကလေး ပြည့်ပြည့်ဝဝရေးရတယ်။ အဓိပ္ပာယ်ကလည်း ပြည့်ဝတဲ့ အဓိပ္ပာယ်ဆိုတော့ ထူးခြားတာပေါ့ကွယ်။ ဆရာတော်က ဒီအချက်ကို အမိအရဖော်ထုတ် လိုက်တာပါပဲ။ ကဲ. . . နားကြရအောင်"။ ။

## ပုဂံရွှေစည်းခုံဘုရားပွဲတော်တွင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ချန်ပီယံဟောင်းကြီးများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Air KBZ က ကူညီပံ့ပိုးကာ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပလျက်ရှိသော မျိုးဆက်သစ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပွဲစဉ် (၁၁)ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်နယ်မြေဖြစ်သော ပုဂံရှိ ရွှေစည်းခုံဘုရားပွဲတော်၌ ကျင်းပမည်ဖြစ်ရာ ယခင်မြန်မာပြည်ချန်ပီယံဟောင်းကြီးများလည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျိုးဆက်သစ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပွဲစဉ်(၁၁)တွင် လေးချီပွဲများနှင့် မျိုးဆက်သစ်တွဲဆိုင်း စုစုပေါင်းကိုးဆိုင်းပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ မြန်မာပြည်ချန်ပီယံဟောင်းများဖြစ်သည့် ရွှေဝါထွန်း(ရွှေသောင်ရင်း)နှင့် လုံးချော(သတ္တိ)၊ ဂေါ်မူတို(သတ္တိ)နှင့် ဒေါနအောင်(အဖြူရောင်သွေးသစ်)၊ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် နေနေ(စွမ်းကေကေ)၊ ကျားဘဟိန်း (အလင်းရောင်)နှင့် ဇော်ချစ်အောင်(စွမ်းကေကေ)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဆင်ရိုင်းလေး (ရွှေသောင်ရင်း)၊ ထယ်ကြီး (STL)နှင့် ရှင်ရဲထွတ်(အဖြူရောင်သွေးသစ်)၊ စွမ်းထက် နိုင်(စွမ်းကေကေ) နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)၊ ထော့ဖဆိတ်(သတ္တိ)နှင့် လင်းယုန်မောင်မောင်(စွမ်းကေကေ)၊ သူရလိပ် (စွမ်းကေကေ)နှင့် နဂါးမောင်(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းမျိုးဆက်သစ် ပွဲစဉ်(၁၁)ကို ညောင်ဦးမြို့ ခရိုင်ဘောလုံးကွင်း ရွှေစည်းခုံဘုရားအနီး၌ ယခုလာမည့် နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ရိုးရာလက်ဝှေ့ဝါသနာရှင်များ လာရောက်ကြည့်ရှုလိုပါက ရိုးရိုးတန်း ငွေကျပ် ၂၀၀၀၊ အထူးတန်းငွေကျပ် ၅၀၀၀ သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်**

# ပြည်သူနှင့် ကိုယ်စားလှယ်

ချစ်နိုင်(စိတ်ပညာ)

**ခိုင်လုံအောင်**

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီတွင် စာရေးသူတို့ရပ်ကွက် ဓမ္မာရုံဆီသို့ မိသားစုသုံးယောက် ရောက်သွား၏။ မဲပေးခွင့်လက်မှတ်လေးကြိုပြီးသွားယူထားသဖြင့် မဲဆန္ဒရှင်စာရင်း အမှတ်စဉ် (၁၁၄) ဖြစ်ကြောင်း ပြောပြနိုင်သည်။ စာရင်းစာအုပ်ရှည်ကြီးထဲမှာ စာမျက်နှာနှင့် အမှတ်စဉ်ရှာရတာ လွယ်ကူသည်။ စီစဉ်သူတွေ ကို ကျေးဇူးတင်ရ၏။**

ရှောရှောရှူရှူ ဆန္ဒမဲပေးလို့ ပြီးသွားသည်။ တံဆိပ်တုံးထုရသည်မှာလည်း အခက်အခဲမရှိပါ။ မဲရုံမှထွက်ခါနီးမှာ လက်ဖျားကို မင်တို့ရမည့်နေရာသို့ ရောက်သောအခါ မိမိက ညာလက်နှင့်ထိဖို့လုပ်သည်။ မင်တို့ပေးသော အမျိုးသမီးလေးက ဘယ်ဘက် လက်ကိုဆွဲယူ၍ဘက်ဘက်လက်သန်းဟုပြောဆိုကာ မင်အိုးထဲသို့လက်ကိုနှစ်ပေးလိုက်၏။ ၂၄ နာရီတော့ ဘယ်လိုဖျက်ဖျက်မပျက်ဟု သိရ၏။ မှန်၏။ တကယ်တမ်းကျတော့ ၇၂ နာရီ (သုံးရက်) ကြာကျော်လာသည့်တိုင် မင်အမည်းက လက်သန်းထိပ်ဖျား လက်တစ်ဆစ်စာမပျက်ပါ။ လက်သည်းပေါ်မှာလည်း မည်း၏။ အရေပြားပေါ်မှာလည်းမည်း၏။ ဘယ်သူမှ မဲရုံများ၌ နှစ်ကြိမ်နှစ်ခါလာပေး၍မရနိုင်အောင် စီမံထား၏၊ တိကျစေ၏၊ ထိရောက်၏။ မြန်မာပြည်ရာဇဝင်မှာတော့ ဤမျှတိကျစေ့စပ်သော ရွေးကောက်ပွဲ အဘက်ဘက်မှ ခိုင်လုံအောင် ကြိုတင်စီမံပြင်ဆင်သော ရွေးကောက်ပွဲရှိခဲ့မည်မထင်။ မှတ်တမ်းတင်ရမည့်နေ့ပင်။

**အသေးစိတ်စေ့စပ်ရ**

မဲဆန္ဒရှင်ဦးရေ ၃၂ သန်းကျော်အတွက် မြို့နယ်အလိုက်၊ မြို့နယ်ထဲမှ အမှတ်(၁)၊ အမှတ်(၂) နယ်မြေအလိုက်၊ အမျိုးသားလွှတ်တော် အမှတ်(၁)မှ (၁၂) အထိနယ်မြေအလိုက်၊ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ် (ဝန်ကြီးလောင်း)နေရာအတွက် ကရင်လူမျိုးရှိသော ရပ်ကွက်၊ မဲရုံတစ်ခုချင်းမှ စုပေါင်းမဲရုံအလိုက် ရခိုင် လူမျိုးရှိသောရပ်ကွက်၊ မဲရုံတစ်ခုချင်းမှ စုပေါင်းမဲရုံအလိုက် မဲလက်မှတ်များ၊ မဲဆန္ဒရှင်စာရင်းများ လုံးဝမမှားမယွင်းစေရအောင် သေချာစွာ လေ့ကျင့်၊ စမ်းသပ်၊ စစ်ဆေး၊ ပြင်ဆင်ထားကြရသောလုပ်ငန်းသည် အမြင်လွယ်သော်လည်း အမှန်တကယ်ခက်ခဲလှပေသည်။

လူတွေပဲ၊ အမှားအယွင်း အချွတ်အချော်မရှိဘဲ ဘယ်နေမလဲ။ အကြီးအသေး၊ အနည်းအများသာလျှင် ကွာခြားပေလိမ့်မည်။ စေတနာဖြူစင်ရမည်။

ယှဉ်ပြိုင်ကြသော ပါတီပေါင်းက ၉၁ ပါတီ။ ပါတီမဟုတ်ဘဲ တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်းက ၃၀၀ ကျော်၊ နိုင်ငံတစ်ဝန်းလုံး၌ယှဉ်ပြိုင်သော ကိုယ်စားလှယ် စုစုပေါင်းက ၆၀၀၀ ကျော်၊ ယုံကြည်မှုရှိလို့ ပြိုင်တာ။

ပြည်တွင်းပြည်ပစောင့်ကြည့်လေ့လာကြသော အဖွဲ့အစည်းအမျိုးမျိုးမှ ပုဂ္ဂိုလ်ပေါင်း ၁၀၀၀၀ ကျော်။ ယခင်က ဤမျှလောက်တစ်ခါမှမများပြားခဲ့ပေ။ လွတ်လပ်ခြင်း၊ ပွင့်လင်းမြင်သာခြင်းမှာ ဘာများပြောဦးမည်နည်း။

**အရေးကြီးသောမှတ်တိုင်**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်၏။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းဝင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် ခြေလှမ်းတစ်ရပ်ဖြစ်၏။ ပြည်သူတိုင်းပါဝင်ခွင့်ရခဲ့၏။

ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်ရေးသည် အစိုးရတစ်ခုတည်းနှင့်မပြီးပေ။ ရွေးကောက်ပွဲကော်မရှင်၏ စွမ်းဆောင်ရည်နှင့် သမာသမတ်ကျခြင်း၊ တရားမျှတခြင်း၊ စီမံပြင်ဆင်မှုပြည့်စုံခြင်း၊ အငြင်းအခုံဖြစ်ပွားလာလျှင် တရားမျှတစွာ ဆုံးဖြတ်နိုင်ခြင်းစသည်တို့ကလည်း အရေးကြီးလေသည်။ လူများ၊ အချိန်ဇယား၊ ပစ္စည်းပစ္စယ၊ စာရွက်စာတမ်း၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ နည်းဥပဒေ၊ ဥပဒေတို့နှင့် ထောင့်စေ့အောင် လုပ်ဆောင်တတ်ရမည်။ လုပ်ငန်းကျွမ်းကျင်အောင်လည်း သင်ကြရ၏။

နိုင်ငံရေးပါတီများကလည်း ပူးပေါင်းကူညီကြရမည်။ ကိုယ်စားလှယ်လောင်းများကလည်း ၎င်းတို့ကိုယ်တိုင် သဘောတူညီစွာ ရေးဆွဲထားကြသည့် ကျင့်ဝတ်များအတိုင်း လိုက်နာကြရမည်။

မဲဆန္ဒရှင်ပြည်သူများကလည်း စည်းကမ်းတကျတန်းစီခြင်း၊ မဲဆန္ဒပေးခြင်း၊ ပြည်သူများအားလုံးအတွက် ပါဝင်ဆောင်ရွက်ခြင်းတို့ ရှိရပေမည်။ ရှိကြလေသည်။

ပုံနှိပ်၊ အသံလွှင့်၊ ရုပ်သံ၊ သတင်းမီဒီယာများကလည်း သတင်းမှန်၊ ဖြစ်စဉ်အမှန်၊ အခြေအနေမှန်များကို ပြည်သူများထံ မှန်ကန်မြန်ဆန်ထိရောက်စွာ အစီရင်ခံကြရမည်။

**မဲရုံလေးသောင်းကျော်**

ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲပြီးစီးချိန်တို့တွင် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိရန်လည်း အရေးကြီးပေသည်။ တာဝန်ရှိသူများသည် လုံခြုံရေး၊ မီးသတ်၊ ကြက်ခြေနီ၊ အထူးရဲစသည်တို့ဖွဲ့စည်းကာ စီမံချက်ဖြင့် အလေးအနက်ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရပေသည်။

နိုင်ငံအဝန်းရှိ မြို့နယ်ပေါင်း ၃၀၀ ကျော်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲရုံပေါင်း ၄၀၀၀၀ ကျော်တွင် မဲဆန္ဒရှင် ပြည်သူလူထု သုံးကုဋေတို့သည် ပျော်ရွှင်စွာ၊ တက်ကြွစွာ မဲပေးခဲ့ကြလေပြီ။ ရာနှုန်းပြည့်နီးပါး စိတ်ကျေနပ်ကြသည်။ အားရကြသည်။ လွတ်လပ်ကြသည်။ ဆန္ဒမဲပေးခဲ့ရခြင်းကို သမိုင်းပေးတာဝန် ကျေပွန်ခဲ့သကဲ့သို့ ဂုဏ်ယူဝမ်းသာခံစားကြရသည်။ အငြင်းပွားမှု၊ မကျေနပ်မှု၊ ရွေးကောက်ပွဲဥပဒေ ကျူးလွန်မှု စသည့် ထူးခြားဖြစ်စဉ် ၄၈ ခုရှိခဲ့သည်ဆို၏။ မဲရုံဖွင့်ချိန် ၆ နာရီကျော်မှ စတင်ဖွင့်လှစ်နိုင်ခြင်း၊ မဲလက်မှတ်အမျိုးအစား မှားပေးမိပြီး ပြန်လဲရခြင်းစသော အမှားအယွင်းနှင့် အားနည်းမှုလေးများ ၄၀ ကျော် တွေ့ရှိရသည်ဆို၏။ မဲရုံစုစုပေါင်း ၄၀၀၀၀ တွင် ချွတ်ယွင်းမှု ၄၀ လောက်ပေါ်ပေါက်ခြင်းမှာ ၁၀၀၀ လျှင် တစ်ခု သို့မဟုတ် ၁၀၀ တွင် ဒသမတစ်ခုမျှသာရှိသဖြင့် ပြဿနာမကြီးမားပါ။ ၉၉၉ ခုက အောင်အောင်မြင်မြင် အဆင်ပြေပြီးမြောက်ခဲ့လေပြီ။

**ပွင့်လင်းမြင်သာ**

ဥရောပ၊ အရှေ့တောင်အာရှ၊ ဗြိတိသျှ၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ စသည်တို့မှ စောင့်ကြည့်သူများက မဲရုံပေါင်းများစွာကို နမူနာကောက် ကွင်းဆင်းလေ့လာအကဲခတ်ကြည့်ရှုခဲ့ကြ၏။ ဗီဒီယို၊ ဓာတ်ပုံ၊ အင်တာဗျူးများဖြင့် မှတ်တမ်းတင်ကြ၏။ အရုပ်ဆိုးလောက်အောင် အပြစ်အနာအဆာကြီးကြီးမားမားရှိပုံမရပါ။ လွတ်လပ်စွာမဲပေးနိုင်ခဲ့ကြသည်မှာ ထင်ရှားလှပါ၏။

မဲရုံအသီးသီးတွင် တစ်နာရီ၊ နှစ်နာရီကြာမျှ စနစ်တကျတန်းစီပြီး မဲပေးနေကြသော မြန်မာပြည်သူလူထု၏ ရယ်ရယ်ပြုံးပြုံး မျက်နှာများကို နိုင်ငံခြားသတင်းထောက်များက မှတ်တမ်းတင်ကြသည်။ ဘယ်လိုခံစားရသလဲ၊ ဘာအခက်အခဲရှိသလဲ၊ ကျေနပ်ပါသလား မေးမြန်းကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီးကလည်း မည်သည့်ပါတီ အနိုင်ရသည်ဖြစ်စေ၊ ပြည်သူလူထုက ဆန္ဒမဲပေးရွေးချယ်သောပါတီနှင့် ပုဂ္ဂိုလ်ကိုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ ထုတ်ပြန်သည့်အတိုင်း လက်ခံမည်ဟု မိန့်ဆိုခဲ့၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ရွေးကောက်ပွဲ၏ ရလဒ်အဖြေအတိုင်း

**▢ ပုံနှိပ်၊ အသံလွှင့်၊ ရုပ်သံ၊ သတင်းမီဒီယာများကလည်း သတင်းမှန်၊ ဖြစ်စဉ်အမှန်၊ အခြေအနေမှန်များကို ပြည်သူများထံ မှန်ကန်မြန်ဆန်ထိရောက်စွာ အစီရင်ခံကြရမည်။ စိုးရိမ်အောင် မဖွသင့်၊ မဆွသင့်**

နှစ်သက်ကျေနပ်စွာလက်ခံမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပြီးဖြစ်လေသည်။ ပြည်သူလူထု၏ သဘောထားကို လေးစားပေသည်။

**လွတ်လပ်စွာ**

စာရေးသူလည်း ကိုယ့်အတွေးနှင့်ကိုယ်၊ မိမိပေးချင်သူကိုပေးခဲ့၏။ ဇနီးကလည်း မဲသုံးပုံးကိုမတူသောပါတီသုံးခု၊ တစ်ခုစီ ထောက်ခံအမှန်ခြစ်ထုခဲ့သည်ဆို၏။ သားကလည်း သူကြိုက်ရာကိုသူပေးခဲ့၏။ မိသားစုတစ်ခုတည်းမှာရှိသော သုံးဦးက သုံးမျိုးပေးခဲ့ကြ၏။ ကျွန်တော်တို့သုံးဦး အိမ်ပြန်ရောက်တော့ သမီးနှစ်ဦး မဲရုံသို့ မဲသွားပေးကြပြန်၏။ သူတို့မဲရုံရောက်တော့ လူတော်တော်များနေပြီ။ နာရီဝက်လောက်တန်းစီပြီးမှ မဲပေးခဲ့ရသည်ဆို၏။ မိမိတို့ကား နံနက် ၆ နာရီတိတိမှာ ရောက်ရှိသွားခဲ့သဖြင့် ရှေ့မှာတစ်ဦး၊ နှစ်ဦးသာရှိ၏။ တန်းမစီဘဲ အဆင်သင့်မဲပေးခဲ့ရ၏။ မိုးမလင်းမီ အတန်းရှည်ကြီး တန်းစီနေကြသော မဲရုံအချို့ရှိကြကြောင်းလည်း သတင်းစာနှင့် ရုပ်မြင်သံကြားတို့၌ ဖတ်ရမြင်ရ၏။ ပြည်သူလူထုက တက်ကြွထက်သန်နေကြ၏။

ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူလူထုရွေးချယ်ခဲ့သောစနစ်ဖြစ်၏။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် လက္ခဏာအင်္ဂါရပ်တစ်ခုဖြစ်၏။ ရွေးကောက်ပွဲက ပေါ်ထွက်လာသောရလဒ်အရ ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်တက်ခွင့်ရကြသည်။ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သမ္မတ၊ အစိုးရအဖွဲ့၊ လွှတ်တော်ဥက္ကဋ္ဌ၊ ရေးရာကော်မတီစသည်တို့ကို ဆက်လက်ညှိနှိုင်းရွေးချယ် တာဝန်ပေးကြပေလိမ့်မည်။

**တင်မြှောက်**

ပြည်သူ့လွှတ်တော်က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ရမည်။ မြို့နယ်တိုင်းမှ တစ်မြို့တစ်ယောက် ကိုယ်စားလှယ်အရွေးချယ်ခံရသူများက ရွေးချယ်ကြမည်။

အလားတူ အမျိုးသားလွှတ်တော်ကလည်း ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်မည်။ တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်တစ်ခုစီမှ ၁၂ ဦးစီ အညီအမျှ ရွေးချယ်ခံကာ တက်လာသူများက တိုင်ပင်ညှိနှိုင်းပြီး ရွေးချယ်ကြလိမ့်မည်။ တပ်မတော်က ဒုတိယသမ္မတတစ်ဦး တင်ပြလိမ့်မည်။

ထိုသို့ရွေးချယ်ရာတွင် ဒုတိယသမ္မတဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်ကိုက်ညီသူ မည်သူ့ကိုမဆို တင်နိုင်ကြ၏။ ဥပမာ အသက် ၄၀ ကျော်ရမည်ဆိုသည့် သတ်မှတ်ချက်မျိုးဖြစ်လေသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း(အမတ်လောင်း)သည် အသက် ၃၀ ပြည့်ပြီးသူဖြစ်ရမည်ဟုလည်းကောင်း၊ အမိ၊ အဖနှစ်ဦးသည် သူ့ကိုမွေးဖွားစဉ်က နိုင်ငံသားဖြစ်ပြီးသူများ ဖြစ်ရမည်ဟုလည်းကောင်း အရည်အချင်းသတ်မှတ်ချက်ကို ဥပဒေက ပြဋ္ဌာန်းထားပြီးဖြစ်၏။

ပါတီကြီးတစ်ခုသည် အသက် ၃၀ မပြည့်သေးသောကိုယ်စားလှယ်လောင်းကိုလည်း(ဥပဒေနှင့်ညီမညီ ကြိုတင်စိစစ်ခဲ့ခြင်းမရှိဘဲ)တင်သွင်းသည်။ ထို့အပြင် မိဘနှစ်ဦးနိုင်ငံသားမဖြစ်သေးမီ မွေးဖွားခဲ့သူကိုလည်း (မစိစစ်ဘဲ) တင်သွင်းခဲ့သည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေအရ အရည်အချင်းကိုက်ညီခြင်းရှိ မရှိ စိစစ်ရလေသည်။ ဥပဒေအရ အရည်အချင်းပြည့်စုံခြင်းမရှိသူဆိုလျှင် မည်သူမည်ဝါမဆို ချစ်ခြင်း၊ မုန်းခြင်း အဂတိတရားမပါဝင်စေဘဲ ငြင်းပယ်ရလေသည်။ သက်ဆိုင်ရာပါတီခေါင်းဆောင်များက သေချာစွာ စိစစ်ခဲ့ခြင်းမရှိဘဲ တင်သွင်းခဲ့ခြင်းကို ဘာမျှမပြောဘဲ ဥပဒေနှင့်အညီစိစစ်သော ရွေးကောက်ပွဲကော်မရှင်ကိုပင် အပြစ်တင်သလိုလို ခနဲ့တဲ့တဲ့ရိတိတိရေးသားကြသော စာနယ်ဇင်းအချို့ကိုလည်း တွေ့ခဲ့ရ၏။

**ခမာဂုဏ်ရည်**

အမှားတွေ့လျှင် တစ်ဆိတ်ကို တစ်အိတ်လုပ်၏။ ချို့ယွင်းချက်ရှိလျှင် ပုံကြီးချဲ့ဖော်ပြ၏။ အားနည်းချက်မြင်တွေ့လျှင် အော်ကြီးဟစ်ကျယ် ရေးကြ၏။ ရွေးကောက်ပွဲကော်မရှင်သည် (ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည်သာ လစာရသည့် အဖွဲ့အစည်းဖြစ်ပြီး) ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်အဆင့်၊ ကျေးရွာအုပ်စုအဆင့် အဖွဲ့ဝင်များအနက် အများယုံကြည်လေးစားခံရသည့် ပုဂ္ဂိုလ်အနေဖြင့် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နေကြသူများမှာ အပြစ်တင်ခြင်း၊ လှောင်ပြောင်ခြင်း၊ ပုတ်ခတ်ခြင်းအမျိုးမျိုးကိုသာ အပြုံးမပျက်သည်းခံနေကြ၏။ သဘောထားကြီးရ၏။ မည်သည့်နိုင်ငံရေးပါတီဝင်မှလည်းမဟုတ်၊ အငြိမ်းစားဝန်ထမ်းများဖြစ်ကြ၏။

ဝန်ထမ်းဘဝ "စီမံထူးချွန်(ပထမဆင့်)တံဆိပ်" စသည့် လေးစားယုံကြည်ထိုက်သော ဂုဏ်ပြုမှုများကို ခံယူခဲ့သူများဖြစ်ကြ၏။ ရိုးသားဖြောင့်မှန်ခြင်း၊ စွမ်းရည်ပြည့်ဝခြင်းတို့ကြောင့် "ဝန်ထမ်းကောင်းတံဆိပ်"၊ "စစ်မှုထမ်းကောင်းတံဆိပ်" စသည်တို့ ချီးမြှင့်ခံရသူများလည်းဖြစ်ပါ၏။ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးကဲ့သို့ ပြည်သူလူထုနှင့် တိုင်းပြည်အကျိုးကိုဆောင်ရွက်ရလျှင် ဘာပဲဖြစ်ဖြစ်ကျေနပ်သူများဖြစ်၏။ လာဘ်လာဘတစ်စုံတစ်ရာမျှမရသည့်အပြင် အစည်းအဝေး၊ သင်တန်းစသည်အတွက် အလှည့်ကျအိတ်စိုက်ကျွေးမွေးကြသေး၏။

**ကော်မရှင်တာဝန်**

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ကော့မှူးမြို့နယ်မှ မဲဆန္ဒရှင်များ ဆန္ဒအရ ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရောက်ရှိလာသော ဆောင်ရွက်ချက်ကို မိမိတို့ဆောင်ရွက်ခဲ့၏။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများတရားမျှတစွာ၊ လွတ်လပ်စွာ၊ တန်းတူညီမျှအခွင့်အရေးရစွာ၊ လုံခြုံအေးချမ်းစွာ ဆန္ဒမဲပေးနိုင်အောင် (Volunteer) လစာ၊ ဆုလာဘ်၊ အခွင့်အရေး ဘာမျှမရဘဲ ကြိုးစားပမ်းစား ထမ်းဆောင်ခဲ့ပြီးပေပြီ၊ ငါးနှစ်တာမျှအရေးထူခဲ့လှပေပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုက အနိုင်ရကြောင်းကြားသိတွေ့ရှိရပါ၏။ ဂုဏ်ပြုပါ၏။ ပြည်သူလူထု၏အားပေးထောက်ခံမှုကို ချီးကျူးပါ၏။ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာအောင်သူ (NLD) ရန်ကုန် အလုံကအနိုင်ရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမည်။ ဝမ်းသာသည်၊ ကြိုဆိုပါသည်။ မိမိကို ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမမှာ စာပေဟောပြောပွဲတစ်ကိုယ်တော်ဟောပြောရန် ဖိတ်ခေါ်ခဲ့သည့် ပါမောက္ခချုပ်ဖြစ်၏။ တက္ကသိုလ်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများချစ်ကြသော ဆရာကြီးဖြစ်၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းလည်း ရွေးကောက်ပွဲတွင်အနိုင်ရကြောင်း တွေ့ရသည်။ တောင်ငူတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့၌ ပါမောက္ခချုပ်လုပ်သွားဖူးသူ ဆရာကြီးဖြစ်၏။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အထူးချစ်ခင် လေးစားခြင်းခံရသော ပါမောက္ခချုပ်ဖြစ်၏။ ဆရာကြီးက ဖိတ်ကြားထားသဖြင့် မန္တလေးတက္ကသိုလ် အင်းဝ(၉) သီယေတာခန်းမမှာ မိမိ တစ်ကိုယ်တော် စာပေဟောပြောပွဲ ဟောပြောခဲ့ရဖူး၏။ ကျေးဇူးမမေ့ပါ။ စာရေးသူတစ်ဦးအနေဖြင့် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်(မိခင်မန်းတက္ကသိုလ်) တို့၌ မိမိကို စာပေဟောပြောခွင့်ပေးခဲ့ကြသော ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာ အောင်သူနှင့် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာ မောင်သင်းတို့သည် ပညာရေးလောကသာမက ပြည်သူ လူထုအတွင်းမှာပါ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံကြောင်း ထင်ရှားပေါ်လွင်ကြသည့် ပုဂ္ဂိုလ်များပင်ဖြစ်ကြ၏။ မည်သည့်ပါတီ၌ ပါဝင်ကြသည်ဖြစ်စေ ပတ္တမြားမှန်လျှင် နွံ့မှာမနစ်ကြချေ။ ပြည်သူတွေ ရွေးချယ်သော လွှတ်တော်ကိုယ်စားလှယ်အပေါင်းကို ချီးကျူးဂုဏ်ပြု လိုက်ပါသည်။ ထိုက်တန်၍နိုင်ခြင်းပင်။

**ဥပဒေနှင့်အညီ**

မိမိကိုယ်တိုင် လုပ်နိုင်ကိုင်နိုင် ပါဝင်နိုင်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့ပါ၏။ ၂၀၁၀၊ ၂၀၁၂ နှင့် ၂၀၁၅ ရွေးကောက်ပွဲ သုံးကြိမ်စလုံးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သမာသမတ်ကျစွာ မည်သူ့ကိုမှ ချစ်ခြင်း၊ မုန်းခြင်းမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့၏။ ခမာ=သည်းခံခွင့်လွှတ်နိုင်စွမ်းရှိခြင်းအစရှိသော နာယကဂုဏ်များတိုးပွားအောင် ထုထောင်းလေ့ကျင့်ပေးခဲ့ကြသည့် မီဒီယာလောက လူကြီး၊ လူငယ်အပေါင်းတို့ကိုလည်း ကျေးဇူးတင်စကားဆိုပါ၏။

ပြည်သူတွေ ယခုထက် ပိုမိုတိုးတက်အောင်ကား အမြင်ကျယ်အောင်၊ အတတ်ပညာ၊ နည်းပညာပြည့်စုံအောင်ဆက်လက်ကြိုးစားကြရပေဦးမည်။ အယုံလွယ်လျှင် အလိမ်အညာခံရတတ်သည်။ လောဘကြီးလျှင် ပျက်စီးလွယ်သည်။ မာနထောင်လျှင် လူမုန်းများတတ်သည်။ ခေါင်းဆောင်တွေကောင်းမှ တိုင်းပြည်မြန်မြန်ဖွံ့ဖြိုးလာနိုင်ပါမည်။ ပြည်သူတွေ ရွေးချယ်ပေးလိုက်သော ကျေးဇူးကို သိတတ်၊ ဆပ်တတ်၊ အောင်မြင်စွာစွမ်းဆောင်တတ်သူတွေဖြစ်ကြပါစေ။ ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ မူဆယ်မြို့၊ မကွေးမြို့နှင့် မင်းဘူးမြို့ရှိ အောက်ပါသတ္တုရောရာပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | စကျင်ကျောက် | ၈၂ ကီလိုဂရမ် | မူဆယ်မြို့ | အမေရိကန်ဒေါ်လာ |
| | အင်ကြင်းကျောက် | ၁၆၅၃၀ ကီလိုဂရမ် | | |
| (ခ) | ကြေးနီနှင့်ရောရာသတ္တု | ၅ တန် | မကွေးမြို့ | အမေရိကန်ဒေါ်လာ |
| (ဂ) | ကျောက်မီးသွေး | ၂၅၀၀ တန် | မင်းဘူးမြို့ | မြန်မာကျပ်ငွေ |

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ရက်၊ ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဖြည့်တင်းထိန်းသိမ်းရေးနှင့် ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၁၆၂၊ ၀၆၇-၄၀၉၀၁၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း**

## သမဝါယမဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

သမဝါယမဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်တွင် အသုံးပြုခြင်းမရှိတော့သည့် မိတ္တူကူးစက်၊စာကူးစက်၊ လက်နှိပ်စက်နှင့် Air Con အဟောင်းအပျက်များကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**လေလံပုံစံရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၅ ရက်မှ ၂၅-၁၁-၂၀၁၅ ရက်အထိ နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း

**လေလံပုံစံရောင်းချမည့်နေရာ** - သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်

**လေလံတင်ဖွင့်ပွဲပြုလုပ်မည့် နေ့ရက်နှင့်နေရာ** - ၃-၁၂-၂၀၁၅ ရက် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်

သမဝါယမဝန်ကြီးဌာန
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
လေလံတင်ရောင်းချရေးအဖွဲ့ ရုံးအမှတ် ၁၆၊
နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၀၀၅၀၊ ၀၆၇-၄၃၀၃၉၇

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့သင်တန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့် သင်တန်းများ | အခြေခံဘွဲ့ လိုအပ်ချက် | လက်ခံမည့် ဦးရေ |
|---|---|---|---|---|
| (က) | ရေယာဉ်တည်ဆောက်မှုနှင့် အဏ္ဏဝါအင်ဂျင်နီယာဌာန | ဘွဲ့လွန်ဒီပလိုမာ | B.E (Naval Architecture)<br>B.E (Marine Engineering)<br>B.E (Mechanical)<br>B.E (Civil) | (၅)ဦး |
| (ခ) | မြစ်ချောင်းနှင့်ကမ်းရိုးတန်း အင်ဂျင်နီယာဌာန | ဘွဲ့လွန်ဒီပလိုမာ | B.E (River & Coastal)<br>B.E (Civil) | (၅)ဦး |

၂။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းများနှင့် မိတ္တူများတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃ဦးစလုံး)သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး သင်တန်းကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) တက်ရောက်ရမည့် ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာသင်တန်းနှင့် ဆက်စပ်သော လုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေး ရွေးချယ်မည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သင်တန်းတက်ရောက်မည့် သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ ဘွဲ့လက်မှတ်မူရင်းမိတ္တူတို့ တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)မှစ၍ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင်ရယူနိုင်ပြီး ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များကို စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်ဖြစ်သည်။

၅။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ (သီလဝါ)၌ ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | အချိန် |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ |
| (ခ) | တက်ရောက်မည့်ဘာသာရပ် ဆိုင်ရာအထွေထွေဗဟုသုတ | ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ |

၆။ လူတွေ့စစ်ဆေးခြင်းခံရမည့်သူများစာရင်းကို ၂၇-၁၁-၂၀၁၅ရက် (သောကြာနေ့)တွင် ကြေညာမည်ဖြစ်ပြီး ၃၀-၁၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ဘွဲ့လွန် အင်ဂျင်နီယာဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၁-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၉-၇၉၈၁၈၄၃၃၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## ယာဉ်ပိုင်ရှင်များသတိပြုရန်

၁။ သက်တမ်းကုန်ဆုံးသည့်ကာလအတွင်း ယာဉ်ကိုမပျက်မကွက်သက်တမ်းတိုးပါ။

၂။ ၃၀-၁၁-၂၀၁၅ ရက်တွင် သက်တမ်းကုန်ဆုံးမည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များသက်တမ်းတိုး လာရောက်ဆောင်ရွက်ရန်အတွက် ကြိုတင်အသိပေး နှိုးဆော်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် (၂၀၀)သင်ကြားရေးဆေးရုံကြီး မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ထုတ်ယူရမည့်ရက်** - ၂၃-၁၀-၂၀၁၅ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၄:၀၀ နာရီ

၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး မကွေးမြို့တွင် ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့၊ ဖုန်း-၀၉-၆၅၆၀၆၁၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | လျှပ်စစ်ပစ္စည်း ၇ မျိုး | 1 Lot |
| (ခ) | Butterfly Valve & Accessories | ၁၄ စုံ |
| (ဂ) | Ball Valve & Accessories (Sludge Valve) | ၁၄၄ စုံ |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃-၁၁-၂၀၁၅ ရက် ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
## လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
## မိတ္ထီလာခရိုင်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၃
## ကွယ်လွန်သူ ဒေါ်တင်လှိုင် ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်သန်းသန်းဝေ
နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့
**လျှောက်ထားသူ**

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်နေ ဒေါ်သန်းသန်းဝေက ကွယ်လွန်သူ ဒေါ်တင်လှိုင်၏ တူမအရင်းဖြစ်သည်ဟူ၍ မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်နေ ၎င်းကွယ်လွန်သူ ဒေါ်တင်လှိုင် ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူသို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်တင်လှိုင် ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်သန်းသန်းဝေ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## မွေးစားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိအောင်ကြေညာခြင်း

နေပြည်တော်(တောင်ပိုင်း)ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အိမ်အမှတ်(၁/၂၄)(၉)လမ်း၊ မင်္ဂလာရပ်ကွက်နေ ဦးတင်ဝင်း ၉/ပမန(နိုင်)၀၀၈၀၇၄ နှင့် ဇနီးဒေါ်ဝင်းမာ ၉/ပမန(နိုင်)၀၂၆၃၉၃ တို့၏ မွေးစားသမီး မအေးအေးခိုင် ၉/ပမန(နိုင်)၂၁၅၀၆၇ ကိုမွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၅-၂-၂၀၁၅ ရက် မြန်မာ့အလင်း သတင်းစာတွင် ကြေညာထားခြင်းအား မွေးစားဖခင် ဦးတင်ဝင်းက ခွင့်လွှတ်ကြည်ဖြူစွာဖြင့် ပြန်လည်ရုပ်သိမ်းမှုပြုပါသည်။

**ဦးတင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၆၈)**
**၇/၇(ခ)၊ မင်္ဂလာသာဓိရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၆၇-၂၂၉၀၅၊ ၀၉-၂၀၁၅၀၇၄**

## ပုသိမ်တက္ကသိုလ်
## (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ပုသိမ်တက္ကသိုလ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီးဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁) **၁၆-၁၂-၂၀၁၅ (နံနက်ပိုင်း) (၀၉:၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့အားလုံး (မြန်မာစာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) | ၂၀၁၄-၂၀၁၅ ပညာသင်နှစ် |
| မဟာဘွဲ့ (၂၀၀၈ အောင်) အားလုံး (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဥပဒေပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) | ၂၀၁၄-၂၀၁၅ ပညာသင်နှစ် |

(၂) **၁၆-၁၂-၂၀၁၅ (မွန်းလွဲပိုင်း) (၁၃:၀၀) နာရီ**

| | |
|---|---|
| ဂုဏ်ထူးဘွဲ့အားလုံး (၂၀၁၀ အောင်) (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရက္ခဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဇီဝဓာတုဗေဒ) | ၂၀၁၃-၂၀၁၄ ပညာသင်နှစ် |
| ဥပဒေဘွဲ့ (၂၀၁၀ အောင်) ဥပဒေပညာ | ၂၀၁၃-၂၀၁၄ ပညာသင်နှစ် |

**အစမ်းလေ့ကျင့်ရက်။** ။ ၁၄-၁၂-၂၀၁၅ရက် နံနက် ၀၈:၀၀နာရီ (ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူအားလုံး) အသေးစိတ်အစီအစဉ်ကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာန ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို ၁၀-၁၂-၂၀၁၅ ရက်မှစ၍ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။

**မော်ကွန်းထိန်း**
**ပုသိမ်တက္ကသိုလ်**

## အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၅ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၆၀

| | | |
|---|---|---|
| ဦးကျော်စိုး | နှင့် | ဒေါ်လှခင်<br>အမှတ် ၃၉၊ ကန်လမ်း၊<br>(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၉၀/၂၀၁၄၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် ဒေါ်လှခင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို ဦးကျော်စိုးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှေ့ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင့်မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခိုင်ခိုင်လေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၂၂

| | | |
|---|---|---|
| ဒေါ်မိုးမိုးစံ(ခ)အားကြူ | နှင့် | ဦးမြင့်ဆွေ |
| **တရားလို** | | **တရားပြိုင်** |

အထက်ပုံစံပါအမှုမှ တရားပြိုင် ဦးမြင့်ဆွေ၊ အိမ်အမှတ် (တ-၅/၂)၊ ၆၃-၆၄ လမ်းကြား၊ သဇင်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိုးမိုးစံက လင်မယား ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဌေး)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလွှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလွှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ကျပ်/-)၊ သဲကားတစ်စီး (၂၀၀၀ကျပ်/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀၀ကျပ်/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ကျပ်/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၄-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၉၈၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ကျပ်/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာ ရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ထည့်သွင်း၍ဖြစ်စေ၊လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ **ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ဓမ္မဓာသီရိလင်္ကာရ** (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ဖိတ်ကြားခြင်း

A.G.T.I ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် G.T.I ပညာရေးခရီး နှစ်၁၂၀ပြည့်ပွဲနှင့် အကြိမ်(၂၀)မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲအခမ်းအနားအား အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ခမ်းနားစည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် G.T.I ကျောင်းဆင်း ညီအစ်ကိုမောင်နှမများနှင့် မိသားစုများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မပျက်မကွက် ပါဝင်ဆင်နွှဲကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** - အင်းစိန် G.T.I အားကစားကွင်း

**ကျင်းပမည့်နေ့ရက်** - ၁၂-၁၂-၂၀၁၅ ရက် (စနေနေ့)

**အခမ်းအနားအစီအစဉ်** - နံနက် ၉ နာရီ အာစရိယပူဇော်ပွဲကျင်းပခြင်း၊ နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ G.T.I ကျောင်းများမှ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် ကျောင်းအသီးသီးမှ အစီအစဉ်အလိုက် ဖျော်ဖြေညှော်ခံခြင်း၊ ပျော်ပွဲ ရွှင်ပွဲများ ကျင်းပခြင်း၊ ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ အထိမ်းအမှတ် ညစာစားပွဲနှင့် နိုင်ငံကျော်တေးသံရှင်များဖြင့် ဧည့်ခံခြင်း

**အသေးစိတ်သိရှိလိုပါကဆက်သွယ်ရန်**

**၁။ ဦးခင်အေး(ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅**

**၂။ ကိုမြင့်ကြူ ဖုန်း-၀၉-၇၃၀၉၃၂၅၆၊ ၀၉-၇၉၅၅၆၄၃၅၃**

**၃။ မသူဇာလင်း ဖုန်း-၀၉-၅၁၁၂၄၉၀၁**

## ဖွူးရိပ်သာ(ရန်ကုန်) စုပေါင်းဘုံကထိန်နှင့် ဖွူးဆရာတော်(၆)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပမည်

ကျေးဇူးတော်ရှင် ဖွူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတ ဖွူးမဟာစည်သာသနာ့ရိပ်သာ၌ ပုရိမဝါမှထတော်မူကြကုန်သော ဖွူးမဟာစည်ရိပ်သာများနှင့် ရဟန်းနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ) ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A,Ph.D သာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား မတည်အလှူရှင်များ ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ ၊ဒါယိကာမအပေါင်းတို့က (၁၆) ကြိမ်မြောက် စုပေါင်းဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဖွူးဆရာတော်ဘဒ္ဒန္တနရပတိ စံလွန်တော်မူခဲ့ရာ (၆)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို ၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊ ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင်ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စအလှူဒါနအစုစုတို့ကို ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၀၇၅၅၄၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အထက ပလစ(၂) စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် အသိပေးနှိုးဆော်ခြင်း

အမရပူရမြို့နယ်၊ ပလစ(၂) အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁၂-၂၀၁၅ ရက် စနေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းစတင်တည်ထောင်သည့် ၁၉၅၉ ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ အသက်(၆၀)နှင့် အထက် အငြိမ်းစားဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ကြောင်း ကျောင်းသားကျောင်းသူဟောင်းများအား အသိပေးနှိုးဆော်အပ်ပါသည်။ အလှူငွေထည့်ဝင် လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းများနှင့် ငွေစာရင်းအမှတ်အား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| **ကိုလှမျိုး** | **ဖုန်း-၀၉-၂၀၀၄၇၈၃** | **ကိုညီညီစိုး** | **ဖုန်း-၀၉-၄၂၁၁၇၃၂၃၂** |
| **ကိုဝဏ္ဏ** | **ဖုန်း-၀၉-၂၀၁၀၆၉၅** | **ဦးအောင်သိန်း** | **ဖုန်း-၀၉-၄၀၂၇၁၀၁၂၉** |
| **ကိုသိန်းသျှန်** | **ဖုန်း-၀၉-၄၀၂၇၅၈၉၉၉** | **ကိုဝင်းထိန်** | **ဖုန်း-၀၉-၆၈၀၂၅၈၆** |
| **ဒေါ်သန်းသန်းမြင့်** | **ဖုန်း-၀၉-၄၀၂၆၀၂၅၁၀** | **ဒေါ်အေးမာကျော်** | **ဖုန်း-၀၉-၄၃၁၄၇၃၅၁** |
| **မတင်မွန်လတ်** | **ဖုန်း-၀၉-၇၈၈၇၃၃၅၂၉** | **ကိုစိုးသီဟထွန်း** | **ဖုန်း-၀၉-၄၀၂၅၈၅၀၇၇** |
| **ဒေါက်တာအောင်ချမ်းဝင်း** | **ဖုန်း-၀၉-၉၁၀၁၇၄၆၇** | **မစိုးစိုးကျော်** | **ဖုန်း-၀၂-၅၉၆၈၄** |

ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ် KBZ 0771220006528 သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အင်းစိန်စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

အင်းစိန်၊ စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟန်းအားကစားကွင်း၊ တော်လှန်ရေးပန်းခြံရှေ့ M-3 Food Centre တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကို မောင်နှမများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အချိန်** - ညနေ ၅း၃၀နာရီမှ ၉ နာရီအထိ

**ကျင်းပမည့်ရက်** - ၂၉-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ** - M-3 Food Centre ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အလှူငွေများကို အောက်ပါကျောင်းသား၊ ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **ဦးမောင်မောင်အေး** | ဖုန်း-၀၉-၅၁၂၆၆၆၅ |
| **ဦးလှသိန်း** | ဖုန်း-၀၉-၅၁၉၂၉၇၅ |
| **ဦးမြဦး** | ဖုန်း-၀၉-၅၀၃၁၅၃၈ |
| **ဦးခင်မောင်မြင့်** | ဖုန်း-၀၉-၅၁၃၀၅၁၄ |
| **ဦးအေးနိုင်** | ဖုန်း-၀၉-၅၀၆၀၈၉၇ |
| **ဦးတင်မောင်လွင်** | ဖုန်း-၀၉-၅၀၅၀၄၉၃ |
| **ဦးတိုးဝင်း** | ဖုန်း-၀၉-၈၆၃၃၇၂၂ |
| **ဦးအောင်အောင်ဝင်း** | ဖုန်း-၀၉-၅၀၃၃၅၀၃ |
| **ဒေါ်ခင်ဝင်းကြည်** | ဖုန်း-၀၉-၇၃၁၀၀၈၆၅ |

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရူပဗေဒဌာန မချမ်းဝတ်ရည် ၁၂/သခန (နိုင်) ၁၂၈၈၃၉၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂-၁၂-၁၉၉၆ ဖြစ်ပါကြောင်း။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှိုင်မြို့နယ် ဘိုးဘွားပိုင်မြေ (မြေပိုင်မြေ) (၂၅'×၅၀')(၅၀'×၅၀') နှစ်ကွက်တွဲလျက်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၉၇၉၆၈၈၊ ၀၉-၅၀၉၃၃၉၆**

## စက်မှုလက်မှုအထက်တန်းကျောင်း၊ အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ) ၂၀၁၆ ခုနှစ်(၁၁)ကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂)တွင်ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီးဆရာမကြီး များအားဂါရဝပြု ပူဇော်ကန်တော့နိုင်ရန်နှင့် ကွဲကွာနေသော ဆရာ တပည့်များ၊ သူငယ်ချင်းများခင်မင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရန် အတွက် အောက်ပါ အစီအစဉ်အတိုင်းကြွရောက်ကြပါရန်ရိုသေစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကန်တော့ပွဲအခမ်းအနားအစီအစဉ်**

**နေ့ရက်နှင့်အချိန်** - ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၀၀နာရီမှ ၈း၀၀နာရီအထိ

**နေရာ** - တော်ဝင်နှင်းဆီ(Royal Roses Restaurant) အမှတ်(၂၂၁/၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**ဆက်သွယ်ရန်ဖုန်း** - ကိုခင်ဆွေ(R-73)၀၉-၂၆၂၇၄၈၅၉၀၊ကိုဇော်ဇော်ထွန်း (BC-94)၀၉-၂၅၄၀၄၃၃၂၆ (နီးစပ်ရာ သူငယ်ချင်းများကို အကြောင်းကြား ဖိတ်ပေးစေလိုပါသည်။)

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၆E၊မြေကွက်အမှတ်၁၀၇စီ/၁-ခ၊ မြေကွက်တည်နေရာအမှတ် ၆၈၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေ (မစိုက်ပျိုးမြေ)) အမည်ပေါက် ဦးဝင်းနိုင်မြေအား ဦးဝင်းနိုင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းနွဲ့ ၁၂/ပဇတ(နိုင်)၀၂၅၉၀၆ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ၊ ဘန်ကောက် ဆေးရုံတွင်သေဆုံးကြောင်းလက်မှတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဘဏ်ဖွင့်လိုသူများ၊ Super Market ၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ စက်မှုဇုန်အနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ်၊ မျက်နှာစာ 110', Sqft 6324 ၊ ခြံစည်းရိုးခတ်ပြီး၊ ရေမီးပါ။ **ကျပ်သိန်း ၄၀၀၀**

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ်၊ မြေအကျယ် (55'x145')၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီးတစ်လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက်၊ ကွန်ဒိုတိုက်ခန်းဈေးတစ်ခန်းမျှသာရှိသော၊ အလွန်သက်သာသောဈေးနှုန်း၊ Master Bed Room နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အောက်ထပ်ကြမ်းခင်းတစ်ခုလုံး ကြွေပြားအပြည့်ခင်း၊ ရေ၊ မီး အပြည့်အစုံ။ **ကျပ်သိန်း ၃၀၀၀**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈**





## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၃/က၃၊ မြေကွက်တည်နေရာအမှတ် ၈၉၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးသော်၊ ဒေါ်လှခင်) အမည်ပေါက် မြေပိုင်မြေ B ၊ အိမ်ရာမြေ မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၈၈၉/၁၉၈၁ (၂၄-၁၂-၁၉၈၁)ဖြင့် ဒေါ်လှခင်မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်လှခင်မှ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ် ၉၃၁/၁၉၈၀(၄-၈-၁၉၈၀)ဖြင့် ဒေါ်ခင်အေးဝင်းအား မွေးစားခဲ့ပါသည်။ ဒေါ်လှခင်ကွယ်လွန်သဖြင့် ဒေါ်ခင်အေးဝင်းမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် ၁၁၇၃/၁၉၈၅ (၂၈-၁၁-၁၉၈၅)၊ အမှားပြင်စာချုပ်အမှတ် ၉၇၅/၂၀၁၂(၂၁-၂-၂၀၁၂)တို့ဖြင့် ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်အေးဝင်းမှာ ၁၅-၁၀-၂၀၁၂ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်း ဦးသန်းဆွေ၏ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၇၁၀၂/၂၀၁၂) ၂၃-၁၀-၂၀၁၂ရရှိသူ ဦးမင်းထူးလွင် ၁၂/သဃက(နိုင်)၀၂၇၀၅၉မှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၈၈၉/၁၉၈၁ (၂၄-၁၂-၁၉၈၁) မိတ္တူမှန်၊ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ် ၉၃၁/၁၉၈၀(၄-၈-၁၉၈၀) မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၁၁၇၃/၁၉၈၅ (၂၈-၁၁-၁၉၈၅) မိတ္တူမှန်၊ အမှားပြင်စာချုပ် ၉၇၅/၂၀၁၂(၂၁-၂-၂၀၁၂)၊ ဒေါ်ခင်အေးဝင်း ကွယ်လွန်ခြင်းအတွက် သေစာရင်း၊ G/P အထောက်အထား၊ G/P ပေးခြင်းအတွက် ပြန်လည် ရုပ်သိမ်းခြင်း မရှိကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်းကျမ်းကျိန်လွှာ၊ ဦးသန်းဆွေမှာ တစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားမကြီးမှုအမှတ် ၁၁/၂၀၁၂(၂၀-၂-၂၀၁၅)ရက်စွဲပါ ဦးသန်းဆွေနှင့် စိန်နဂါးကြွေမြေ၊ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းတို့ရရှိခဲ့သည့် ပြေငြိမ်းဒီကရီတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၃၉၇၀ Mitsubishi Canter FE538B, L/T (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာခိုင် ၁၂/ပဇတ(နိုင်)၀၃၄၄၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးခွဲရုံး(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အိပ်ချ်၊ မြေကွက်အမှတ် V class ၈၁၊ မြေကွက်တည်နေရာအမှတ် ၈၄၊ ဧရာဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် ဦးကျော်ဇင်ဦး၊ ဦးမင်းရဲသူ အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမင်းရဲသူ (လူပျို၊ဘ၀)ဖြင့် ကွယ်လွန်သဖြင့် အစ်ကိုဖြစ်သူ ပူးတွဲအမည်ပေါက် ဦးကျော်ဇင်ဦး ၁၂/လသန(နိုင်)၀၀၂၀၈၈မှ ညီဖြစ်သူ ဦးမင်းရဲသူသည် အိမ်ထောင်မရှိသူတစ်ဦးဖြစ်ပြီး ၎င်းကွယ်လွန်သွား၍ မိခင်ဖခင်တို့တွင် အမွေစားအမွေခံသားအဖြစ် ဦးကျော်ဇင်ဦး တစ်ဦးတည်းသာ ကျန်ရှိကြောင်း ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်နှင့် ဦးမင်းရဲသူ၏ သေစာရင်း၊ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်း ၁၂/လသန(နိုင်)၀၁၆၃၈၉မှ ၎င်း၏သားဦးကျော်ဇင်ဦးမှ ပိုင်ဆိုင်မြေပုံလျှောက်ထားမှုတို့ သဘောတူညီကြောင်း၊၇-၁၀-၂၀၁၅ရက်တွင် ဝန်ခံကတိပြုတင်ပြစာတို့ကို တင်ပြ၍ ဦးကျော်ဇင်ဦးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၃၃၁၁(၂၆-၁၂-၂၀၁၄)ရသူ ဒေါ်သီသီဟန် ၁၂/ဒဂတ(နိုင်)၀၄၁၀၃၇ မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၂၂/ခ၊ မြေကွက်တည်နေရာအမှတ် ၂၂/ခ၊ လယ်ယာရိပ်သာ ၄ လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စန်းစန်းမြင့် B/RGN-၀၀၇၈၁၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၈၀၆/၂၀၁၁ ရသူ ဒေါ်လေးကြူ(ခ) ဒေါ်မြင့်မြင့်စန်း ၁၄/ဘကလ(နိုင်)၁၅၃၇၆၅မှ အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၁၃ ခုနှစ်တွင် S.P ဒေါ်လေးကြူ(ခ)မြင့်မြင့်စန်းမှ အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် (၂၃/က)၊ မြေကွက်တည်နေရာအမှတ် (၂၃/က)၊ လယ်ယာရိပ်သာ (၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးအကြိုင်(ခ)ဦးအောင်ကျော် ၁၂/ခရန(နိုင်)၀၈၈၈၇၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအကြိုင်(ခ)ဦးအောင်ကျော်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၆၈၀၇/၂၀၁၁)ရသူ ဒေါ်လေးကြူ(ခ)ဒေါ်မြင့်မြင့်စန်း ၁၄/ဘကလ(နိုင်)၁၅၃၇၆၅မှ အိမ်ဆောက်ရန်မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၁၃ခုနှစ်တွင် S.P ဒေါ်လေးကြူ(ခ)မြင့်မြင့်စန်းမှ အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အသွင်သစ်
# အမြင်သစ်



**UAB** ဘဏ်မှ **customer** များအား ခေတ်အမီဆုံး နည်းစနစ်များသုံးကာ
နိုင်ငံတကာဘဏ်လုပ်ငန်းအတွေ့အကြုံရှိသော ပညာရှင်များမှ ဝန်ဆောင်မှုများ ပေးနေပါပြီ ။

**Customer** တို့၏ အားထားယုံကြည်မှုနှင့် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုတို့ ပေါင်းစပ်ကာ အားမာန်အပြည့်နှင့်
ရှေ့ဆက်လျှက် ...

*It's all about YOU!*

UAB
United Amara Bank

Safe, Sound & Trustworthy


## သကျဂုဏ်ရည်မင်းကင်း ပရိယတ္တိစာသင်တိုက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ သကျဂုဏ်ရည်မင်းကင်း ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါမှကျွတ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကျောင်းတိုက်ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများမှ(၁၃) အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက် (၂၆-၁၁-၂၀၁၅ ရက်) ကြာသပတေးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

## သံသရာခရီးသည်၏ ပထမထွက်ရပ်လမ်း (၁၈)ရက်အထူးအလုပ်ပေးတရားစခန်း

အရှင်အာဒိစ္စရံသီ(စာရေးဆရာဆန်းလွင်) ပျံလွန်တော်မူသည့် (၁၃) နှစ်ပြည့်မြောက်သည့် အခမ်းအနားနှင့် ၁၈ရက် အလုပ်ပေးတရား စခန်းကို ကျင်းပပါမည်။

**နေ့ရက်** - ၂၅-၁၁-၂၀၁၅ရက် ညနေ ၅ နာရီမှ ၁၄-၁၂-၂၀၁၆ရက် နံနက် ၉ နာရီအထိ
**နေရာ** - သဒ္ဓမ္မကာရီဓမ္မာရုံ စက်မှုလက်မှု ၄ လမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်
**ဆက်သွယ်ရန်ဖုန်း** - မခိုင် ၀၁-၅၆၉၉၇၈၊ ဖုန်း-၀၉-၂၅၀၃၅၈၂၅၃၊ မယာယာ ဖုန်း-၀၉-၅၁၅၇၃၃၉

## ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)
### အမျိုးသားနေ့ မိတ်ဆုံခရီး

ကျိုက်လတ်မြို့တွင် ဒေါက်တာဗိုလ်ကလေးတင့်အောင် ဦးဆောင်သော အမျိုးသားသားနေ့စာပေဟောပြောပွဲကျင်းပမည်။ သက်ကြီး ဆရာ၊ဆရာမကြီးများအား ပူဇော်ကန်တော့မည်။ အမျိုးသားနေ့ (၆-၁၂-၂၀၁၅) တနင်္ဂနွေနေ့ နံနက်(၇)နာရီ ရန်ကုန် ၊မော်တင် ဆိပ်ကမ်း မှပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် (၃)ထပ် ရေယာဉ်ဖြင့် ထွက်ခွာပြီး၊ညနေ(၄)နာရီရန်ကုန်သို့ပြန်လည်ထွက်ခွာမည်။လိုက်ပါလိုသူများ အသွား၊အပြန်လက်မှတ် တစ်စောင် ကျပ်၃၀၀၀ ဖြင့် ကြိုတင်ဝယ်ယူနိုင်ပါသည်။စားသောက်ဆိုင် ပါသည်။ ဆက်သွယ်ရန် - ၀၉၅၀၀၉၁၇၈- ဦးမောင်ညိမ်း ၊ ၀၉ ၅၀၅၂၁၈၄ - ဦးသန့်ဇင်၊ ၀၉ ၅၁၈၄၇၈၅- ဦးတင်စော၊ ၀၉ ၃၁၀၄၈၄၂၃ - ဒေါ်ခင်ချိုဦး၊ ၀၉ ၇၃၁၉၁၇၇၀- ဦးအောင်ဆန်း၊ ၀၉ ၄၂၀၁၃၀၄၃၁- ဦးကြည်မြင့်။

**အမှုဆောင်အဖွဲ့**

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
### ၁၉၆၉-၁၉၇၀ ခုနှစ် စတင်ဝင်ရောက်သူများ(မည်သည့်ခုနှစ်ဘွဲ့ရမဆို) မိတ်ဆုံစားပွဲ၊ ဆရာကန်တော့ပွဲတက်ရောက်ရန်
# ဖိတ်ကြားခြင်း

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ ၁၉၆၉ ခုနှစ်နှင့် ၁၉၇၀ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သော သူငယ်ချင်းများစုပေါင်း၍ ကျင်းပမည်ဖြစ်သော မိတ်ဆုံစားပွဲကို ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့) ညနေ ၅း၀၀နာရီတွင် IBC ခန်းမ (၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်)နှင့် ဒုတိယ အကြိမ်မြောက် ဆရာကန်တော့ပွဲကို ၂၇-၁၂-၂၀၁၅ ရက် နံနက် ၉း၀၀နာရီတွင် စီးပွားရေး တက္ကသိုလ် (နီလာခန်းမ)၌ ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒေါက်တာလေးကြည် ဖုန်း-၀၉-၅၅၀၆၉၁၉၊ ဦးဝင်းတည် ဖုန်း-၀၉-၈၇၀၂၄၁၁၊ ဦးမြိုင် ဖုန်း-၀၉-၅၁၈၄၉၄၉

၂၉-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)နှင့် ၆-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)များ၌ မွန်းလွဲ ၂း၀၀နာရီတွင် ဦးမြိုင် ရုံးခန်း(မြေနီကုန်း)သို့ အစည်းအဝေးတက်ရောက်ပါရန်နှင့် အထက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အလှူငွေများထည့်ဝင်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

### အမှတ် (၂၂)၊ အခြေခံပညာမူလတန်းကျောင်း၊ ဗဟန်းမြို့နယ်
## ပထမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၇၅-၁၉၉၀ခုနှစ် အမက (၂၂) ဗဟန်းမြို့နယ်၊ မူလတန်းကျောင်း၊ ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲအား ပထမအကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့်တကွ ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအတိုင်း မပျက်မကွက်စုံညီစွာ တက်ရောက်ကြပါရန် နွေးထွေးစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**
**နေ့ရက်** - ၁၃-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ
**နေရာ** - အမက (၂၂)၊ မူလတန်းကျောင်း၊ ဗဟန်းမြို့နယ်
**ဆက်သွယ်လှူဒါန်းရန်** - ဦးအောင်ကျော် (ဗဟန်း) ဖုန်း-၀၉-၇၈၂၁၂၁၁၅၉၊ ဒေါ်သက်ဆုဝင်း(တာမွေ) ဖုန်း-၀၉-၂၅၀၄၉၉၅၇၀

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ဆယ်လောင်းကျေးရွာနေ မောင်ဝင်းမင်းထွန်း ၈/အလန(နိုင်)၁၃၂၂၆၁သည် မိဘများ၏ ဆိုဆုံးမစကား နားမထောင်သဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးသိန်းလွင်၊ ဒေါ်ကျင်ယုံ (မိဘများ)**

## အမြန်ပြန်လာပါ

သမီးနွယ်နွယ်လှိုင်(ခ)ဂျူးဂျူး ၉/ခအဇ(နိုင်)၀၀၃၇၃၄ ဖေဖေတို့ထံ ပြေပြေလည်လည် ညှိနှိုင်းဆွေးနွေးနိုင်ရန် အမြန်ပြန်လာပါ။

**ဖေဖေ-ဦးအိုက်ရီ**
**မေမေ-ခေါ်ချန်ခွေလန့်(ခ)မပေါက်**

## အမြန်ဆက်သွယ်ပါ

လွန်ခဲ့သော ၄၅ နှစ်ခန့်က ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃ လမ်း အနီးတစ်ဝိုက်တွင် နေထိုင်ခဲ့သော ကျောင်းဆရာမ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက် ၆၅နှစ်ခန့်ရှိ ဒေါ်ချစ်ချစ်နှင့် ဒေါ်လှလှ ညီအစ်မနှစ်ဦးအား မိတ်ဆွေတစ်ဦးမှ အမြန်တွေ့ချင်နေပါသည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၂၅၁၆၄၊ ၀၉-၅၀၆၈၉၉၀**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြီးဖြစ်ကြောင်း

မောင်သက်မျိုးမြင့် ၁၂/အစန(နိုင်)၁၇၁၀၀၈ နှင့် ကျွန်မမနန်းတင်ဇာလင်း ၁၂/ကမရ(နိုင်)၀၄၆၃၄၂ တို့သည် ၆-၇-၁၉၉၇ မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်၍ သားတစ်ဦးထွန်းကားပြီးနောက် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် ၂၄-၄-၂၀၁၁ရက်မှစ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းတင်ဇာလင်း၁၂/ကမရ(နိုင်)၀၄၆၃၄၂**

## အမြန်ဆုံးဆက်သွယ်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သော ကျွန်မ ဒေါ်တင်တင်ဝင်း(ခ)မိုင်းမိုင် ၉/စကန(နိုင်)၀၆၇၂၅၂ နှင့် ဦးထွန်းဝင်းမော် ၉/စကန (နိုင်)၀၆၆၅၃၈တို့သည် ၂၈-၄-၂၀၀၇ မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း ခဲ့ရာတွင် သမီး မပန်းသွန်းခြယ်အား ထွန်းကားခဲ့ပါသည်။ ၄-၉-၂၀၁၃ ရက်မှစ၍ အလုပ်လုပ်မည်ဟု ပြော၍ကျွန်မတို့နှင့် အတူမနေတော့ဘဲ ထွက်ခွာသွားသည်မှာ ယနေ့ချိန်ထိ အဆက်အသွယ်များမပြုလုပ်ဘဲ ရှိနေပါသည်။တွေ့ရှိပါက ကျွန်မဒေါ်တင်တင်ဝင်း(ခ)မိုင်းမိုင်အား အမြန်ဆုံးဆက်သွယ်ပေးကြပါရန်။ အကယ်၍ ဦးထွန်းဝင်းမော်အား လက်ခံထားသူများရှိနေခဲ့လျှင် ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဟု အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၄၀၄၆၁၀၆၊ ၀၉-၄၀၂၆၃၄၈၅၀၊ ၀၉-၇၉၂၃၄၇၂၂၆**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဦးကျော်ဇေယျ ၅/ဝသန(နိုင်)၀၁၇၆၄၁၊ ဒေါ်အေးအေးမော် ၅/ဝသန(နိုင်)၀၀၄၉၅၁တို့၏သားဖြစ်သူ မောင်အောင်ပြည့်မင်းပိုင် ၈/အလန(နိုင်)၁၆၈၂၇၉သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ပညာကိုဆုံးခန်းတိုင်အောင် မသင်ဘဲ မိမိသဘောဆန္ဒအလျောက် ခွင့်မလွှတ်နိုင်သောကိစ္စများကိုပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် -ဦးကျော်ဇေယျ**
**မိခင်-ဒေါ်အေးအေးမော်**

ကထိန်သင်္ကန်းဝယ်ယူလှူဒါန်းရန်
မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)မှာ
စိတ်ချရပါသည်



ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသော ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းမျိုးစုံ
အလှူမင်္ဂလာဖိတ်စာ၊ လက်ဆောင်ယပ်တောင်
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်
ပင်ရုံး - မြတ်စေတနာသင်္ကန်းတိုက်၊ လောကနန္ဒာစေတီမြောက်ဘက်၊ ပုလုပ်တောင်လမ်းဆုံအနီး၊ မဏိဗွာလမ်း၊ ဗဲ့ရွယ်စုရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း -၀၄၃ ၂၂၄၈၃၊ ၀၉ ၃၆၁၇၃၄၆၈၊ ၀၉၂၆၃၃၄၆၄၉၈

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ
ဦးမောင်ထွေး - ဒေါ်စောခင် တို့၏ သားကြီး

**မောင်ဇော်မြတ်လင်း**

**B.A(History) (Dagon University)**
**Diploma in Politices and Government (The Open University, U.K)**
**M.S in International Development (Tulane University U.S.A)**
**Head of Mediation, My Justice Programme, British Council (Myanmar)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ
ဗိုလ်မှူးကြီး အောင်ကျော်အေး-ဒေါ်မိုးဆမ်းဦး(အ·လ·ပြ-ငြိမ်း) တို့၏
တစ်ဦးတည်းသောသမီး

**မယမင်းသူ**

**B.A (Japanese) YUFL**
**ကမ္ဘောဇဘဏ်လီမိတက် (အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဌာန)**

တို့သည် ၁၀-၁၁-၂၀၁၅ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်မြတ်လင်း-မယမင်းသူ**

## သူစချမ်းသာသင်္ကန်းတိုက်

| | | | |
|---|---|---|---|
| ၁။ အမေမြကန်ချည်ပိုးသင်္ကန်း | - 60000Ks | ၈။ တရုတ်ပိုးနှင်းသင်္ကန်း | - 18000Ks |
| ၂။ ပိုးအသားAAAသင်္ကန်း | - 45000Ks | ၉။ ဇက်ကျူ3RFသင်္ကန်း | - 14000Ks |
| ၃။ ခြင်းဆက်ကိုက်သင်္ကန်း | - 43000Ks | ၁၀။ ဇက်ကျူအစစ်သင်္ကန်း | - 13000Ks |
| ၄။ ညောင်ရွက်ပိုးနှင်းသင်္ကန်း | - 32000Ks | ၁၁။ အင်ဒိုမိုးပြင်သင်္ကန်း | - 11000Ks |
| ၅။ ချွမ်းချုပ်သင်္ကန်း | - 31000Ks | ၁၂။ တရုတ်မိုးပြင်သင်္ကန်း | - 10000Ks |
| ၆။ ဒါးကြိုးပေါင်းသားသင်္ကန်း | - 30000Ks | ၁၃။ အင်ဒိုမှုံကိုးခြင်း | - 30000Ks |
| ၇။ အင်တာနက်သင်္ကန်း | - 27000Ks | ၁၄။ တရုတ်မှုံကိုးခြင်း | - 20000Ks |

* Free size တမျိုးတည်းသာဝိနည်းတော်နှင့်အညီချုပ်လုပ်ရောင်းချပါသည်။
* အိမ်အရောက်ပို့ပေးပါသည်၊ပို့ခမယူပါ၊တစ်စုံကစပြီးမှာယူနိုင်ပါသည်။

☎: 01-512443, 09-73017656, 09-78512443 ,09-799933315

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(1F-2165)၊အမျိုးအမည် Toyota Succeed၊ အမျိုးအစား- S/W(4x2)R၊ယာဉ်လက်ဝယ်ရှိသူဦးနေဝင်း(၁၂/သကတ(နိုင်)၀၄၂၆၉၄)မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊

တုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးစိုးမြင့် ၁၂/ဗဟန(နိုင်)၀၇၂၅၁၈ ၏ PP (M898837) နှင့် ကျွန်မဒေါ်ခင်ဝင်းမြင့် ၁၂/မဂဒ(နိုင်)၀၅၁၃၆၁ ၏ PP (M899351) တို့၏ ပတ်စ်ပို့များပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉ ၅၀၈၆၃၃၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8666 Toyota Hilux ViGo P/U, (4x4) ® ယာဉ်လက်ဝယ်ရှိသူ ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဆန်လိုနေပြီလား

အိမ်စားဖို့ ဆန်လိုနေပြီဆိုရင်
မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျို့
09-43334111 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## သက်ဆိုင်မှုမရှိတော့ပါကြောင်း

ကျွန်မ ဒေါ်မာမာကြည်(၁၂/ဒဂမ(နိုင်)၀၀၆၆၇၄)၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်ကြည်(၁၂/အစန(နိုင်) ၀၇၈၃၄၉)သည် ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် မိမိသဘောဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ လုံးဝသက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မာမာကြည်(၁၂/ဒဂမ(နိုင်)၀၀၆၆၇၄)

ပေါ့ပါးလွယ်ကူသည့်...
FIRE.Safe မီးသတ်ဆေးဘူး



FIRE.Safe FIRE.Safe 2 FIRE.Safe 3
အမြို့မြို့အနယ်နယ်ရှိ Super Market၊ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။
SOLE AGENT
FIRE.SAFE Co., Ltd
၃၃ဘီ၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်မှာယူရန် –
09 440 444444
09 458 222222
ISO 9001
CE
မီးသတ်ထောက်ခံချက်ရရှိပြီး



2 Shows, 1 Event
Register at
www.communicastmyanmar.com
Info Hotline: +95-1 513 515 - 519
Opportunities driven by connectivity
ဆက်သွယ်မှုမှ ဆောင်ရွက်ပေးမည့်အခွင့်အလမ်းများ
CommuniCast 2015 Myanmar
The 2nd Communications Technology, Enterprise & Convergence Solutions Show
international MYANMAR ICT EXHIBITION 2015
Incorporating: Myanmar Satellite Forum 2015
Supported by: MCF SOFTWARE PARK
Supported by: MCF MCPA MCIA
Tuesday 17 - Thursday 19 November 2015
Myanmar Event Park (MEP), Yangon (9.00-17.00 Hrs.)
စီးပွားရေးလုပ်ငန်းရှင်များသာ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု
Official Medias: INTERNET Journal NetGuide MobileGuide OXFORD BUSINESS GROUP TELECOM Review
Local Media Partner: MYANMAR TIMES
Organised by: BES ALLWORLD EXHIBITIONS

JUNCTION 16 Anniversary CHARITY
JUNCTION 16TH ANNIVERSARY WITH CHARITY
မသန်စွမ်းကလေးငယ်များ နှင့် အမြင်အာရုံ၊ အကြားအာရုံ ချို့တဲ့သူများ၏
လက်မှုပစ္စည်းအရောင်းပွဲ နှင့် အနုပညာစွမ်းရည် ဖျော်ဖြေပွဲ
JUNCTION



Nov 14th - 15th Junction Centre 8 Mile
Nov 19th - 20th Junction Centre Mawtin
Nov 21st - 22nd Junction Centre Zawana
Nov 24th - 25th Junction Square
Nov 28th - 29th Junction Centre Naypyitaw
www.junctioncentregroup.com www.facebook.com/junctionshoppingcentre

# ပင်လယ်ပြာပြာ၊ သဲသောင်ဖွေးဖွေးတွေနဲ့ အပန်းဖြေစရာ ကမ်းသာယာကမ်းခြေမှာ . . .



ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့နယ် ငပလီမြို့အနီး၌တည်ရှိသော ကမ်းသာယာကမ်းခြေကို တွေ့ရစဉ်။
(သတင်း၊ စာမျက်နှာ-၁၆) (ဓာတ်ပုံ - မောင်ချစ်ကြည်)

## ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တည်ရှိ၊ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

## တနင်္ဂနွေ ဖတ်စရာ


ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
ရန်ကုန်မြို့ပြ ရာဇဝင်ထဲက သက်တမ်းရင့် တရုတ်ဘုရားကျောင်း စာ-၁၅

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
ပါကစ္စတန်အစွန်းရောက် စစ်သွေးကြွအဖွဲ့များ စာ-၁၈

မြန်မာ့ရိုးရာအားကစား
ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်လာပြီး အထက်မြန်မာပြည်က မျိုးဆက်သစ်များကို မွေးထုတ်ပေးနေသည့် စွမ်းကေကေ စာ-၁၉


## ဂျပန်ကုမ္ပဏီ JFE က ရန်ကုန်မြို့တွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် ဓာတ်အားစက်ရုံ တည်ဆောက်မည်

ကျော်သံအိမ် ဘာသာပြန်သည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

တိုကျိုအခြေစိုက် JFE အင်ဂျင်နီယာရင်း ကော်ပိုရေးရှင်းကုမ္ပဏီသည် ရန်ကုန်မြို့၌ ပထမဦးဆုံး စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သောဓာတ်အားစက်ရုံ တည်ဆောက်ရန် အော်ဒါရရှိခဲ့ကြောင်း၊ ယင်းဓာတ်အားစက်ရုံသည် စွန့်ပစ်ပစ္စည်းများကို လောင်ကျွမ်းစေခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စက်ရုံဖြစ်ကြောင်း Waste Management World Magazine စာစောင်၌ ရေးသားဖော်ပြသည်။

ရန်ကုန်မြို့တွင် တည်ဆောက်မည့် ယင်းဓာတ်အား စက်ရုံစီမံကိန်းသည် မြန်မာနှင့်ဂျပန်အကြား

စာမျက်နှာ ၃ ကော်လံ ၆ ◆



ဂျပန်နိုင်ငံ၌ အမှိုက်မှ စွမ်းအင်ထုတ်ယူသည့် စက်ရုံကိုတွေ့ရစဉ်။ (ဓာတ်ပုံ - စည်ပင်)







မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။